မြန်မာမူဝါဒသုံးသပ်ချက် | ၂၄ | ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ

tni
transnationalinstitute

# မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ – တိုင်းရင်းသားများ အတွက်ပြန်လည် သုံးသပ်ရမည့်အချိန်

## အဓိကအချက်များ

- မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် တိုင်းရင်းသားပါတီများအတွက် စိတ်ပျက်စရာရလဒ်တစ်ခု ဖြစ်ခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီတွင် ယခင်ရွေးကောက်ပွဲများထက် အမတ်နေရာအရေအတွက် ပိုမိုများပြားစွာ အနိုင်ရလိမ့်မည်ဟု မျှော်လင့်ချက်များမြင့်မားခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသာ ထပ်မံ၍ တောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။ ထိုသို့အနိုင်ရရှိခြင်းတွင် စစ်တပ်ကျောထောက်နောက်ခံ ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ကိုပါကျော်လွန်၍ NLD မှအနိုင်ရရှိခဲ့သည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးစုပါတီများ၏ ရပ်တည်ချက် အနေအထားမှာ ယခင်အတိုင်း ဆက်လက်တည်ရှိ လိမ့်မည်ဖြစ်သည်။

- ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကာလအတွင်း ပေါင်းစည်းရေးတိုင်းတာမှု ရလဒ်များအရ တိုင်းရင်းသားပါတီများသည် ပါတီများပေါင်းစည်းခြင်း၊ မူဝါဒရေးဆွဲဖော်ဆောင်ခြင်းနှင့် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်ပါဝင်စေခြင်း စသည့်မဟာဗျူဟာများဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်လုပ်ဆောင်ချက်ကို တိုးတက်စေမည် ဟုမျှော်လင့်ခဲ့ကြသည်။ ထိုအခြင်းအရာများကြောင့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူမျိုးရေးလှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း ကယားပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအခြေပြုပါတီများ၏ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သောနေရာများမှာ ယခင်ထက်ပိုမို များပြားလာခဲ့ပါသည်။ သို့သော် အရှိန်အဟုန်မြင့်လာသော တိုင်းရင်းသားအခြေပြုပါတီများအနေဖြင့်လည်း ယေဘုယျအားဖြင့် ရှုံးနိမ့်ခဲ့ကြသည်။

- အတိုက်အခံ တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ရှေ့ဆက်လုပ်ဆောင်ရန် ၎င်းတို့၏ ရှုံးနိမ့်မှုများအတွက် အမျိုးမျိုးသော အကြောင်းအရင်းများအား ဖော်ပြခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အရိပ်မဲကြီးအောက်တွင် ပြုလုပ်ခဲ့ရသည်။ ထို့ပြင် အကြောင်းအရင်းများထဲ၌ မဲဆွယ်စည်းရုံးရေးတွင် ကန့်သတ်မှုရှိခြင်း၊ အရင်းအမြစ်များနှင့် သတင်းမီဒီယာထိရောက်မှုနည်းပါးခြင်း၊ နေရပ်စွန့်ခွာရသူများ၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းအတွက် အချိန်နည်းပါးခြင်း၊ USDP ပါတီအားထောက်ခံအားပေးမှု များပြားလာရေးအတွက်တပ်မတော်မှ တပ်ဖြန့်လှုပ်ရှားမှုများနှင့် ဆက်လက်ဖြစ်ပေါ်နေသော ပဋိပက္ခများကို

အကြောင်းပြုကာ “လုံခြုံရေးအကြောင်းပြချက်များ” ပေး၍ ရွေးကောက်ပွဲလုပ်ဆောင်ရန် ဖျက်သိမ်းသောနေရာဒေသများ များပြားခြင်းများပါဝင်သည်။ NLD နှင့် USDP ပါတီတို့၏ ဆန့်ကျင်ပြောဆိုသည့်စည်းရုံးရေးများကို ပြစ်တင်ပြောဆိုမှုများလည်းရှိခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားပါတီများအားမဲပေးခြင်းမှာ မဲတစ်မဲဖြုန်းတီးရာကျသည် ဆိုသောပြောဆိုချက် ဖြစ်သည်။

- NLD ၏ အောင်မြင်မှုပမာဏကို တွက်ချက်သည့်အခါ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရင်းလေးချက်ရှိသည်။ “အနိုင်ရသူအကုန်ယူ ရွေးကောက်ပွဲစနစ်” အရမြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသည် ဗမာတိုင်းရင်းသားလူမျိုးအများစုအကြား မဲအများဆုံးဖြင့် အနိုင်ရရှိသောပါတီမှ အမြဲတမ်းလွှမ်းမိုးအုပ်ချုပ်လျက်ရှိသည်။ ကိုဗစ်–၁၉ ကပ်ရောဂါ အရေးပေါ်ကာကွယ်ထိန်းချုပ်မှု အခြေအနေများမှာ လက်ရှိအစိုးရအပေါ် ထောက်ခံမှု အားကောင်းလာစေသည်။ NLD အနိုင်ရရှိခြင်းသည် အမျိုးသားနိုင်ငံရေးအတွင်း ကျယ်ပြန့်စွာလွှမ်းမိုးနေသော စစ်တပ်၏ပါဝင် ပတ်သက်မှုများကို အဆုံးသတ်နိုင်ဖွယ်နည်းလမ်းအဖြစ် မှတ်ယူထားလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တွင် ခိုင်မာသော ထင်ပေါ်ကျော်ကြားသည့် ပုံရိပ်များ ဆက်လက်တည်ရှိနေပေသည်။

- ရွေးကောက်ပွဲကာလအတွင်း NLD နှင့် တပ်မတော်ခေါင်းဆောင်များမှာ တိုင်းရင်းသားပါတီများ နှင့် တွေ့ဆုံခဲ့ပြီး အစိုးရအဖွဲ့အတွင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပိုမိုထည့်သွင်း ခန့်အပ်ခြင်း၊ စစ်တပ်၏ စစ်ရေးလှုပ်ရှားမှုများ လျော့ချခြင်းနှင့် ငြိမ်းချမ်းရေးစကားဝိုင်းအသစ်များ ဖော်ဆောင်ခြင်းစသည့် အကြံပြုချက်များလည်း ပါဝင်ခဲ့သည်။ ယင်းဆောင်ရွက်ချက်များအလုံးစုံကို တိုင်းရင်းသားခေါင်းဆောင်များမှ ကြိုဆိုခဲ့ကြသော်လည်း ရွေးကောက်ပွဲမတိုင်မီကာလများတွင် ဤလုပ်ဆောင်မှုအဆင့်များအား အဘယ်ကြောင့်မလုပ်ခဲ့ကြောင်း ပြန်လည်၍မေးခွန်းထုတ်ခဲ့သည်။ လွန်ခဲ့သောနှစ်များအတွင်း ဘေးဖယ်ကျဉ်ခြင်းနှင့် ဖယ်ထုတ်ခံရခြင်းများကို ခံစားရပြီးတိုင်းရင်းသားလူမျိုးတို့၏ နာကျည်းချက်များမှာလည်း နက်ရှိုင်းစွာတည်ရှိနေသည်။ ကတိများအား ကြိမ်ဖန်တလဲလဲပေးခဲ့သော်လည်း ၂၁ ရာစုပင်လုံညီလာခံသာမက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များတွင်လည်း ထိရောက်သောတိုးတက်မှုများ မရှိခဲ့ပေ။

- NLD အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု ပြုပြင်ပြောင်းလဲရေး၏ အဓိကကျသောကဏ္ဍများအား တွန်းအားပေးရှေ့ဆက်လုပ်ဆောင်ရန် အခွင့်အာဏာရှိပြီးလက်ရှိအခြေအနေတွင် အခွင့်အလမ်းပြူတင်းတံခါးများ ပွင့်လျက်ရှိနေသည်။ သို့သော်ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများနှင့် ပါတီများဖြင့် ပူးပေါင်းချဉ်းကပ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒေသတွင်းဆိုင်ရာ ပြဿနာများအား ပြည်နယ်တွင်းဖြေရှင်းခွင့်များ ပေးအပ်ရန်လိုအပ်သည်။“အနိုင်ရသူအကုန်ယူရွေးကောက်ပွဲစနစ်”နောက်ဆက်တွဲမှာပြည်မနှင့်နယ်စပ်ဒေသကွာဟချက်များကြောင့် ချက်ခြင်းဆောင်ရွက်သင့်သည့်အချက်များ နှောင့်နှေးနေပါက လက်နက်ကိုင်ပဋိပက္ခများ မြင့်တက်လာနိုင်ဖွယ်ရှိသည်။

- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ၏အောင်ပွဲအား ကြီးမားသောမျှော်လင့်ချက်များနှင့်အတူ ကြိုဆိုခဲ့ကြသည်။ လာမည့် NLD ပါတီဦးဆောင်အစိုးရအနေဖြင့် အလားတူ အကျပ်အတည်းများနှင့် ပဋိပက္ခများ မဖြစ်ပေါ်စေရန်အလို့ငှာ ထိန်းသိမ်းဆောင်ရွက်ရန် အရေးကြီးပေသည်။ ပြီးခဲ့သောအမှားများမှ သင်ခန်းစာယူ၍ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို နောက်ထပ်ငါးနှစ်တာကာလအတွင်း တွန်းအားပေးဦးတည်၍ လုပ်ဆောင်သင့်သည်။ တရားမျှတမှု၊ ပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားပြုမှုမှာ နိုင်ငံသားများအားလုံးအတွက် အလွန်အရေးကြီးသည်ကို လွတ်လပ်ရေးရပြီးသည့် ကာလမှစတင်၍ အစိုးရခေတ်အဆက်ဆက်တိုင်းတွင် ခါးသီးသောအတွေ့အကြုံများမှ သတိပေးလျက်ရှိသည်။ နိုင်ငံရေးအရ အမြစ်တွယ်နေသော စိန်ခေါ်မှုများကို ရွေးကောက်ပွဲလုပ်ဆောင်မှုတစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ပေ။

## နိဒါန်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များ အရ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော NLD ပါတီ အတွက် ဒုတိယအကြိမ် တောင်ပြိုကမ်းပြို အနိုင်ရရှိခြင်း ဖြစ်သည်။ အဓိကအမျိုးသားနိုင်ငံရေး အတိုက်အခံပါတီ ဖြစ်သော စစ်တပ်အခြေပြု တည်ထောင်ထားသည့် USDP မှာ ၂၀၁၅ ခုနှစ် ရလဒ်များထက် ပိုမိုညံ့ဖျင်းသော အခြေ နေမျိုးပင် ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် မြန်မာ့နိုင်ငံရေးတွင် တတိယမြောက် အဓိကအုပ်စုဖြစ်သော တိုင်းရင်းသား ပါတီများအနေဖြင့် ၎င်းတို့၏ စုစုပေါင်း အမတ်နေရာ အရေအတွက်များကို မြှင့်တင်နိုင်ခြင်းမရှိခဲ့ပေ။ ရွေး ကောက်ပွဲမတိုင်ခင်မီကပင် အစီအစဉ်များနှင့် အဖွဲ့အစည်း များခိုင်မာစေရန် ကြိုတင်၍ တိုင်းရင်းသားလူမျိုးများ လှုပ်ရှားမှုအနေဖြင့် ပါတီများ ပေါင်းစည်းခြင်း၊ မူဝါဒဖော် ဆောင်ခြင်းနှင့် လူငယ်များအား မြှင့်တင်ပေးခြင်း၊ ပိုမို ပြောင်းလဲလာ၍ မတူကွဲပြားသည့် ကိုယ်စားလှယ်များ ပါဝင် စေခြင်း အစရှိသော ကြိုးပမ်းအားထုတ်မှုများရှိခဲ့သော် လည်းနောက်ပြန်ဆွဲ စိတ်ပျက်ဖွယ်ရလဒ်များသာ ဖြစ် ပေါ်ခဲ့သည်။

ရွေးကောက်ပွဲများမှာ (၁၉၆၀ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ယုံကြည်ရလောက် သော ရွေးကောက်ပွဲများသာ)[၁] တိုင်းပြည်၏ဒီမိုကရေစီ အခြေခံသည့်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသော မှတ်တိုင် ဖြစ်သည်။ ရှင်းလင်းသော တိုင်းတာချက်များအရ NLD ပါတီ၏အောင်မြင်မှုသည် နိုင်ငံတွင်းအချက်အခြာရှိ ဗမာ တိုင်းရင်းသားလူမျိုးစု အများအပြားရှိသော နေရာများ တွင်တည်ငြိမ်သော နိုင်ငံရေးဝန်းကျင် ဆက်လက်တည်ရှိ နေမှုအား ရည်ညွှန်းသည့်အလားအလာ ဖြစ်လိမ့်မည်။ အကယ်၍ နိုင်ငံရေးအင်အားစုများမှ ရွေးကောက်ပွဲ အတွက် NLD ၏ အားနည်းချက် (သို့) ပျော့ကွက်များ အား ရှာဖွေကြည့်ခဲ့လျှင် ၎င်းတို့အနေဖြင့် စိတ်ပျက်ခဲ့လိမ့်မည်။ သို့သော် NLD အနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ နှင့်နိုင်ငံရေးပါတီများအားဆောလျင်စွာချဉ်းကပ်၍အမျိုး သားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် နှစ်ခုလုံး၏ အုပ်ချုပ် ရေးနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် အားလုံးအတူပူး ပေါင်းပါဝင်ခြင်း ချဉ်းကပ်မှုနည်းလမ်းအား သဘောတူ လက်ခံမှုမရှိခဲ့လျှင် နောက်တစ်ကြိမ် "အနိုင်ရသူအကုန် ယူ" ရွေးကောက်ပွဲစနစ်များတွင် တိုင်းရင်းသား လူမျိုး ပါတီများ၏ ကိုယ်စားပြုပါဝင်မှု အားနည်းခြင်းသည် ပြည်မ-နယ်စပ် ပိုင်းခြားမှုများနှင့် လက်နက်ကိုင် ပဋိပက္ခ များပိုမိုမြင့်တက် လာနိုင်ဖွယ်ရှိသည်။[၂]

ရွေးကောက်ပွဲအပြီးတွင် အစိုးရထံမှ အားတက် စရာကောင်းသော အချက်ပြမှုများရှိခဲ့ပြီး အဓိပ္ပာယ် ရှိ သောညှိနှိုင်းတိုင်ပင်မှုများနှင့် လက်တွေ့လုပ်ဆောင်မှု များအား လျင်မြန်စွာ ဆက်လက်ပြုလုပ်ရန် လိုအပ် သည်။ ထိုဆောင်ရွက်ချက်များအတွက် အချိန်ကာလများ မှာတိုတောင်းပြီး ရွေးကောက်ပွဲအပြီး မျှော်မှန်းထား သောလုပ်ဆောင်မှု အချိန်ဇယားမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ဖေဖော်ဝါရီ ၁ ရက် – လွှတ်တော် အသစ်ခေါ်ယူခြင်း
- ဖေဖော်ဝါရီလအလယ် – ပြည်ထောင်စုလွှတ်တော် မှ သမ္မတနှင့် ဒုသမ္မတ ၂ ဦး ရွေးချယ်တင်မြှောက်၍ သမ္မတတင်မြှောက်ကြောင်း အဆိုတင်သွင်းခြင်း
- ဖေဖော်ဝါရီ/မတ် – ပြည်ထောင်စုဝန်ကြီးများ အခြား ပြည်ထောင်စု အစုအဖွဲ့များနှင့် တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များအား အဆိုပြုခြင်းနှင့် အတည်ပြု ရွေးချယ်တင်မြှောက်ခြင်း
- မတ် ၃၀ ရက် – သမ္မတမှ ကျမ်းသစ္စာကျိန်ဆိုခြင်း နှင့် အလုပ်အမှုဆောင်သစ် သက်တမ်းစတင်ခြင်း

ယခုအချိန်ခါသည် အရေးကြီးသောကာလတစ်ခု ဖြစ်သည်။ အကယ်၍ တိုင်းရင်းသားခေါင်းဆောင်များ အနေဖြင့် အစိုးရနှင့် တွေ့ဆုံဆွေးနွေးမှုများသည် အချည်း နှီးသာဖြစ်သည်ဟုမှတ်ယူပါက အမျိုးသားနိုင်ငံရေးတွင် လူနည်းစုများ၏ အသံများမှာ ဘေးဖယ်ကျဉ်လျစ်လျူရှု ခံရပြီး "အနိုင်ရသူမှ အာဏာအားလုံး ရယူခြင်း" ရွေး ကောက်ပွဲစနစ်ထဲတွင် မြန်မာနိုင်ငံမှာ ပိတ်မိလျက်ရှိ သည်ဆိုသည့် ၎င်းတို့၏ ခံစားမှုများကို ထပ်လောင်းခိုင် မာစေလိမ့်မည် ဖြစ်သည်။ ဤအခြင်းအရာမှာ အလွန် အန္တရာယ်များမည်ဖြစ်သည်။ ထိုသို့သော မကျေနပ်ချက် များသည် လွန်ခဲ့သောဆယ်စုနှစ် (၇) ခု နိုင်ငံရေးမတည် ငြိမ်မှုများအတောအတွင်း တိုင်းရင်းသားလူမျိုး နိုင်ငံရေး

ဆိုင်ရာကွဲပြားမှုများ၊လက်နက်ကိုင်ပဋိပက္ခများနှင့်တိုင်းပြည်ဆုတ်ယုတ်မှုများ ဖြစ်ပွားစေရခြင်း၏ အကြောင်းအရင်းများဖြစ်ပါသည်။ တချိန်တည်းမှာပင် လွန်ခဲ့သော ၄ နှစ်အတွင်း အစိုးရငြိမ်းချမ်းရေးလမ်းစဉ်မှာ ယိမ်းယိုင်လျက်ရှိပြီး တစ်နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အားလုံးပူပေါင်းပါဝင်ညှိနှိုင်းမှုများ လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း သတိပေးနေသည့်သဘော သက်ရောက်သည်။

## မဲဆွယ်စည်းရုံးရေးကာလနှင့် ရွေးကောက်ပွဲများ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီစုစုပေါင်း ၉၁ ပါတီပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အထူးသဖြင့် တိုင်းရင်းသားလူမျိုးစု အသိုင်းအဝိုင်းများအား ကိုယ်စားပြုပါဝင်သည့်ပါတီ စုစုပေါင်း ၅၄ ခုရှိသည်။[၃] မဲဆွယ်စည်းရုံးရေးကာလ စက်တင်ဘာလ ၈ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက်နေ့ အထိသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု များပြားလာခြင်းနှင့် တိုက်ဆိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် အချို့အခြားသောမြို့နယ်များကို "နေအိမ်တွင်နေထိုင်ရေး" ကာလအဖြစ် အမိန့်သတ်မှတ်ချက်များ ဖြစ်ပေါ်ခဲ့သည်။ ဤသည်မှာ အထူးသဖြင့် NLD ပါတီမဟုတ်သော အခြားပါတီများအပေါ် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို ထိန်းချုပ်ကန့်သတ်မှုများဖြစ်ခဲ့ပြီး တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေး ဆိုသည့်ခေါင်းစဉ်အောက်မှ ပြည်သူများအား လက်လှမ်းမှီ ရောက်ရှိနိုင်သောအာဏာရအစိုးရမှ နိုင်ငံရေး အမြတ်ထုတ်ခြင်း ဖြစ်သည်ဟု ထောက်ပြပြောဆိုမှုများ ရှိခဲ့သည်။

နိုင်ငံအတွင်း "နေအိမ်တွင်နေထိုင်ရေး" အမိန့်မထားရှိသောဒေသများတွင် မဲဆွယ်စည်းရုံးရာ၌ အချို့သောကန့်သတ်ချက်များ ရှိခဲ့သည်။ လူဦးရေ အကန့်အသတ်ဖြင့်သာ စုဝေးခွင့်ပြုသောကြောင့် ပါတီများမှ ပြုလုပ်သောပွဲများ၊ ဆန္ဒထုတ်ဖော်ပွဲများ အပါဝင် ကိုယ်စားလှယ်လောင်းများမှ ပြုလုပ်သော မဲဆွယ်စည်းရုံးမှုများအပေါ် သက်ရောက်မှုများရှိခဲ့သည်။[၄] နေရာဒေသအများအပြားတွင် လူ ၃၀ ဦးထက်ပိုသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ထိရောက်စွာတားမြစ်ခဲ့သည်။

မဲဆွယ်စည်းရုံးရေး ကာလအတွင်း မီဒီယာများတွင် NLD ပါတီ၏ ပံ့ပိုးမှုများသည် စာနယ်ဇင်းများမှတစ်ဆင့် လွှမ်းမိုးမှုများလည်းကောင်း၊ ပိုမိုကျယ်ပြန့်သော အင်တာနက်ချိတ်ဆက်မှုများဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေးအတွက် ထိရောက်သောအရေးယူဆောင်ရွက်ချက်များကြောင့်လည်းကောင်း ပါတီ၏ပံ့ပိုးကိုအခြားပါတီများထက် ပိုမိုကောင်းမွန်လာစေခဲ့သည်။

NLD အစိုးရမှ ရွေးချယ်တင်မြှောက်ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အစိုးရထိန်းချုပ်မှုဖြင့် အခြားပါတီများ၏ ရုပ်မြင်သံကြားမှထုတ်လွှင့်သောမိန့်ခွန်းများအပေါ် ဆင်ဆာဖြတ် တောက်မှုများရှိခဲ့သည်။ အချို့ပါတီများမှာ TV ထုတ်လွှင့်မှုများကို ဆက်မလုပ်တော့ဘဲ ၎င်းတို့၏ဆန္ဒဖော်ထုတ်မှုများကို ပြသခဲ့သည်။[၅] ဒီမိုကရေစီ ထောက်ခံအားပေးသူများအတွက် ပို၍အံ့သြစရာကောင်းသည်မှာ USDP ပါတီအစိုးရ လက်ထက်တွင်ပြုလုပ်ခဲ့သော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲထက် ပိုမို၍ ဆင်ဆာဖြတ်တောက်မှုများ ရှိခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် တိုင်းရင်းသားပါတီများအနေနှင့် နစ်နာမှုများရှိခဲ့သည်။ ရခိုင်ပါတီ ၃ ခုဖြစ်သော (ရခိုင့်ဦးဆောင်ပါတီ/ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ရခိုင်အမျိုးသားပါတီ)၊ ထားဝယ်တိုင်းရင်းသားများပါတီ၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်တို့၏ မိန့်ခွန်းကဏ္ဍများအားလုံးဖြတ်တောက်ခံခဲ့ရပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဖွဲ့စည်းထားသော ပါတီများကဲ့သို့ ပါတီများလည်းပါဝင်ခဲ့သည် (အမတ်နေရာများ အနိုင်ရခဲ့သော နိုင်ငံရေးပါတီများ၏ စာရင်းကို နောက်ဆက်တွဲ "နိုင်ငံရေးပါတီအတိုကောက်များ" တွင်ကြည့်ရှုပါရန်)။ UEC မှ ဆင်ဆာဖြတ်တောက်သော အခန်းကဏ္ဍများတွင် ရခိုင့်ဦးဆောင်ပါတီ (AFP) ၏ `ရခိုင်လူထုများအတူ လက်တွဲပူးပေါင်းခြင်းဖြင့် အခက်အခဲများအားလုံးဖြေရှင်း ကျော်လွှားနိုင်လိမ့်မည်။[၆] ဆိုသော မိန့်ခွန်းအဆိုများ ပါဝင်ခဲ့သည်။ အချို့သောပါတီများမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ သဘောမတူညီမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ လွှတ်တော်အတွင်း တပ်မတော်ကိုယ်စားလှယ်နေရာကြိုတင်ထားရှိမှုအား ဝေဖန်ထောက်ပြ ပြောဆိုခြင်း၊ အချိုးကျကိုယ်စားပြုမှုအား တောင်းဆိုခြင်းနှင့် "ပြည်တွင်းစစ်" နှင့် "ဖက်ဒရယ်စနစ်" စသည့်အကြောင်းပြ

ချက်များဖြင့် အခြားသောပါတီများလည်း ဆင်ဆာဖြတ်တောက်ခြင်း ခံခဲ့ရသည်။[၇]

မဲဆွယ်စည်းရုံးရေး ကာလအတွင်း ပြိုင်ဖက်ပါတီထောက်ခံသူများအကြား အသေးစားအကြမ်းဖက်မှုဖြစ်ရပ်များလည်း ဖြစ်ခဲ့ပြီး အများစုမှာ NLD နှင့် USDP ပါတီထောက်ခံသူများပါဝင်ခဲ့သည်။ ၂၀၁၅ ထက် ပိုမိုမြင့်မားသော်လည်း ကမ္ဘာတစ်ဝှမ်းရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မဆိုးဝါးသောအနေအထား တစ်ခုတွင် ဆက်လက်ရှိခဲ့သည်။[၈] ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အချို့သော အတိုက်အခံပါတီများအား ရွေးကောက်ပွဲပြုလုပ်မှုကို ရွှေ့ဆိုင်းရန် ကြေညာချက်ကို UEC မှပယ်ချပြီးနောက်များမကြာမီတွင် မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးနှစ်လုံးအား နေပြည်တော် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၏ နေအိမ်တွင် တွေ့ရှိခဲ့သည်။ လမ်းမပေါ်မှ ခြံအတွင်းသို့ ဗုံးနှစ်လုံးစလုံးအား ပစ်ခဲ့ခြင်းဖြစ်ပြီး ထိုကိစ္စအတွက် မည်သူမျှတာဝန်ယူခြင်းမျိုး မရှိခဲ့ပေ။ ရွေးကောက်ပွဲမတိုင်မီ ၂ ရက်အလိုတွင်လည်း ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ပေါက်ကွဲစေသောအရာဝတ္ထု တွေ့ရှိခဲ့သည်။ သို့သော် ထိုဖြစ်ရပ်များတွင် ဒဏ်ရာရရှိသူတော့မရှိခဲ့ပေ။

တိုင်းရင်းသားပြည်နယ်များတွင် အလားတူလက်နက်ကိုင်အကြမ်းဖက်မှု ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့သည်။[၉] အောက်တိုဘာလ ၂၇ ရက်နေ့တွင် အပစ်ခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးပါတီ (RCSS) ၏ တပ်များမှ ရှမ်းပြည်နယ်ရှိ လင်းခေး ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့အား မိုင်းပန်သို့မဲရုံပစ္စည်းများ သယ်ယူပို့ဆောင်စဉ်အတွင်း ပစ်ခတ်ခဲ့သည်။ အုပ်ချုပ်ရေးမှူးနှင့် လက်ထောက်တစ်ဦးတို့မှာ သေနတ်ဒဏ်ရာဖြင့် ဆေးရုံတင်ခဲ့ရသည်။ အစိုးရနှင့် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော RCSS မှ ၎င်းတို့တပ်များအနေဖြင့် ထိုလမ်းအားအသုံးပြုရန် အဖွဲ့ထံမှ ခွင့်ပြုချက်ရရှိထားသည့်ကားကို မှားယွင်းစွာ ပစ်ခတ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ထို့နောက် ၎င်း၏တပ်သားများကိုလည်း စည်းမျဉ်းအရတင်းကြပ်စွာ အရေးယူသွားမည်ဟု RCSS မှအခိုင်အမာ ပြောကြားသွားခဲ့သည်။[၁၀]

အပစ်အခတ် ရပ်စဲထားခြင်းမရှိသော ဒေသများတွင်အထူးသဖြင့် နိုင်ငံရေးအခြေနေများမှာ တင်းမာလျက်ရှိခဲ့သည်။ ရွေးကောက်ပွဲနှင့် ဆက်စပ်သည့် အလွန်ပြင်းထန်သော အကြမ်းဖက်မှုဖြစ်ရပ်တစ်ခုမှာ အောက်တိုဘာ ၁၄ ရက်နေ့၌ ရခိုင်ပြည်နယ် တောင်ကုတ်ရှိ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်– ရက္ခိုင့်တပ်တော် (ULA-AA) မှ NLD ပါတီ ကိုယ်စားလှယ်လောင်း ၃ ဦးအား ၎င်းတို့ မဲဆွယ်စည်းရုံးရေး လုပ်ဆောင်နေစဉ်တွင် ပြန်ပေးဆွဲခဲ့သောဖြစ်ရပ်ဖြစ်သည်။ ULA–AA မှ ပြန်ပေးဆွဲမှုအား ရှင်းလင်းသည့် ထုတ်ပြန်ချက်တစ်ခုတွင် “ရခိုင်ပြည်သူထုထုနှင့် ရခိုင့်တော်လှန်ရေး”အကျိုးအတွက် “ရိုးဖြောင့်မှုမရှိသည့် NLD အဖွဲ့ဝင်သုံးဦးအား မလွဲမရှောင်သာ ခေါ်ဆောင်ခဲ့ရသည်”ဟုပြောဆိုခဲ့သည်။[၁၁] ဆက်လက်စုံစမ်းစစ်ဆေးရာတွင် NLD ဦးဆောင်အစိုးရမှ “ငြိမ်းချမ်းရေးအတွက် တောင်းဆိုမှုများ ပြုခဲ့ခြင်းကြောင့် မတရားဖမ်းဆီးထိန်းသိမ်းခံထားရသော” “နိုင်ငံရေးသမားများ၊ ကျောင်းသားများနှင့် အပြစ်မဲ့ ပြည်သူများအား ပြန်လွှတ်ပေးမည်” ဆိုလျှင် ၎င်းတို့မှလည်း အဆိုပါ ၃ ဦးအား ပြန်လွှတ်ပေးမည်ဟု ULA–AA မှ ပြောဆိုခဲ့သည်။[၁၂]

နောက်ပိုင်းတွင် ULA–AA မှ ဆက်လက်ထုတ်ပြန်သည့် ထုတ်ပြန်ချက်များတွင် ဓားစာခံများကို “ကောင်းမွန်စွာ ထိန်းသိမ်းထားလျက်ရှိပြီး” ၎င်းတို့အား ပြန်လည်လွှတ်ပေးရန် ဆန္ဒရှိကြောင်း ထပ်လောင်း ဖော်ပြခဲ့ကာ အပြန်အလှန်အနေဖြင့် အစိုးရမှ ဖမ်းဆီးထားသူများကိုပြန်လွှတ်ပေးရန် အတွက်လည်းဖော်ပြခဲ့သည်။ သို့သော် တပ်မတော်မှ အပစ်ခတ်ရပ်စဲရေး စာချုပ်သတ်မှတ်ချက်များမှ ရခိုင်နှင့် ချင်းပြည်နယ်တို့အား ထုတ်ပယ်ထားခြင်းဖြင့် ရွေးကောက်ပွဲများထိတိုင် ULA–AA တပ်များနှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြီး ပြည်နယ်အတွင်းရှိ ရှေ့တန်းမြို့နယ်များတွင် မဲဆန္ဒပေးခြင်းအား ဖျက်သိမ်းခဲ့ရသည်။ လွန်ခဲ့သော လေးနှစ်တာကာလအတွင်း ရခိုင်ပြည်နယ်သည် နိုင်ငံတွင်း အကြီးမားဆုံးသောလက်နက်ကိုင်တိုက်ပွဲများနှင့် နေရပ်စွန့်ခွာရခြင်းများဖြစ်ပွားခဲ့ပြီး ရခိုင်၊ ရိုဟင်ဂျာ၊ ချင်း၊ ကမန်၊ နှင့် မြိုအစရှိသည့် လူမှုအသိုင်းအဝိုင်းများအားလုံး ထိခိုက်ခဲ့ကြကာတပ်မတော်၏ နယ်မြေရှင်းလင်းရေး လုပ်ဆောင်ချက်များမှ လွတ်မြောက်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ရိုဟင်ဂျာလူဦးရေအများစုမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ (“မဲဆန္ဒနယ်များဖျက်သိမ်းခြင်း” တွင်ကြည့်ပါ)။[၁၃]

နိုင်ငံအနှံ့အပြား ရွေးကောက်ပွဲနေ့တွင်မူ ချောမွေ့စွာ ပြီးမြောက်ခဲ့ပြီး နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများနှင့် သတင်းမီဒီယာများထံမှ အကြမ်းဖက် ဖြစ်ရပ်များအား သတင်းတင်ပြခဲ့ခြင်း မရှိခဲ့ပေ။ သို့သော် ရွေးကောက်ပွဲကျင်းပပြီးစီးပြီးနောက်ပိုင်းတွင်ပြင်းထန်သော အကြမ်းဖက်လုပ်ရပ်တစ်ချို့ ရှိခဲ့သည်။ သိသာထင်ရှား ဖြစ်ရပ်တစ်ခုမှာ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် NLD မှ အထက်လွှတ်တော်နေရာအတွက် အမတ်အဖြစ်ရွေးချယ်ခံခဲ့ရသော ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် ၁ မှ ဦးထိုက်ဇော်မှာ ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာရှိ ၎င်း၏နေအိမ်၌ အမည်မသိ သေနတ်သမားနှစ်ဦးမှဝင်ရောက် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ရွေးကောက်ပွဲကော်မရှင်မှ လုံခြုံရေးအကြောင်းပြချက်ကြောင့် ရှမ်းကျေးရွာအုပ်စု ၁၂ ရွာ တွင် ရွေးကောက်ပွဲလုပ်ဆောင်ရန် ဖျက်သိမ်းပြီးနောက် (မဲအရေအတွက်ပေါင်း ၁၁၀၀၀၀ အနက်) ၅၄ မဲအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဦးထိုက်ဇော်မှာ လက်ရှိ SNLD ပါတီတွင် တာဝန်ထမ်းဆောင်လျက်ရှိကာ လွှတ်တော်အမတ်နေရာရှိခဲ့ခြင်း ဖြစ်သည်။ အကယ်၍ရွေးကောက်ပွဲနယ်မြေများ ဖျက်သိမ်းမှုမရှိခဲ့ပါက အမျိုးသားရေးအမာခံနေရာတွင် SNLD ပါတီမှာ လွှတ်တော်အမတ်နေရာ ရရှိလိမ့်မည်ဆိုသည့် မျှော်မှန်းချက်မှာ ခိုင်မာပေသည်။

သို့သော် ထိုကဲ့သို့သောဖြစ်စဉ်မှာ နိုင်ငံရေးအကြမ်းဖက်မှုအတွက် ပထမဆုံးဖြစ်ရပ် မဟုတ်ခဲ့ပေ။ လတ်တလောနှစ်များတွင် ကျောက်မဲ၌ နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုနှင့် ပဋိပက္ခများ ကြုံတွေ့ရလေ့ရှိခဲ့သည်။[၁၄] ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် SNLD ပါတီအဖွဲ့ဝင်များဖြစ်သော ကျေးရွာခေါင်းဆောင် ၃ ဦးမှာ မြို့ထဲရှိ စားသောက်ဆိုင်တစ်ခုတွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပြီး ၂၀၁၈ ခုနှစ်တွင် ထင်ရှားသော သံဃာတစ်ပါးနှင့် မြန်မာစစ်တပ်မှ အကြီးကဲဟောင်းတစ်ဦးလည်း အလားတူပစ်ခတ်ခံခဲ့ရသည်။[၁၅] ယခုနှစ်အတွင်း တပ်မတော်စစ်သားများမှ အရပ်သားတစ်ဦးပစ်သတ်ခဲ့ပြီး ရွာသားတစ်ဦး ဒဏ်ရာ ရရှိအောင်လုပ်ခဲ့သောကြောင့် ဒေသတွင်းနေထိုင်သူဦးရေ ၁၀၀၀၀ ခန့်မှာ လမ်းပေါ်တွင် ချီတက် ဆန္ဒပြခဲ့ကြသည်။[၁၆] ထို့နောက် နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးတွင် ကျောက်မဲမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဌ (NLD ပါတီကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဒုဥက္ကဌ၏ အကိုတော်စပ်သူ) မှာ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် သေနတ်သမားများမှ ပစ်ခတ်ခဲ့ပြီး ထိခိုက်မှုမရှိ လွတ်မြောက်ခဲ့သည်။

ယနေ့အချိန်အထိ ဦးထိုက်ဇော်အား လုပ်ကြံသတ်ဖြတ်မှုအတွက် မည်သူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးခံရခြင်း မရှိသည့်အပြင် မည့်သည့်အဖွဲ့ကမှ တာဝန်ယူဖြေရှင်းပေးခြင်း မရှိပေ။ ဆက်လက်ဖြစ်ပွား နေသော အကြမ်းဖက်မှုများသည် ဖြေရှင်းနိုင်မှုမရှိသော တိုင်းပြည်၏ပဋိပက္ခကို ဝမ်းနည်းဖွယ် သတိပေးနေမှုအဖြစ် ယနေ့နိုင်ငံတွင်း ဒေသအနှံ့အပြား၌ တည်ရှိလျက်ရှိသည်။ တိုင်းရင်းသားလူမျိုးစု နယ်မြေများမှာလည်း မြင့်မားစွာစစ်အုပ်ချုပ်မှု ဆက်လက်ခံရဆဲရှိသည်။[၁၇]

## မဲဆန္ဒနယ်များ ဖျက်သိမ်းခြင်း

အောက်တိုဘာလ ၁၆ ရက်နေ့တွင် UEC မှ လုံခြုံရေး အကြောင်းပြချက်များကြောင့် ရွေးကောက်ပွဲပြုလုပ်နိုင်ခြင်းမရှိသည့် နေရာများကို ထုတ်ပြန်ခဲ့သည်။[၁၈] ထုတ်ပြန်ချက်ထဲတွင် ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ အချို့နေရာများ ပါဝင်ခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ အစောပိုင်းတွင် ဖျက်သိမ်းထားသောအချို့ဒေသများအားပြန်လည်ပယ်ဖျက်ကြောင်းနှင့် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်ရှိ မဲဆန္ဒနယ် ထပ်တိုးဖျက်သိမ်းခြင်းများပါသော နောက်ထပ်ထုတ်ပြန်ချက်သုံးစောင် အားထုတ်ပြန်ခဲ့သည်။[၁၉] အချို့နေရာများတွင် မဲဆန္ဒနယ်တစ်ခုလုံးအား ဖျက်သိမ်းပြီး အချို့ဒေသများတွင် တစ်စိတ်တစ်ပိုင်းကို ဖျက်သိမ်းခဲ့သည်။ ထုတ်ပြန်ချက်စာများအရ မဲဆန္ဒနယ်တစ်ခုလုံး ဖျက်သိမ်းခံရသောဒေသများမှာ –

- ရှမ်းပြည်နယ်ရှိမြို့နယ် ခြောက်ခု (ပန်ဆန်း၊ နားဖန်း၊ မိုင်းမော၊ ပန်ဝိုင်၊ မိုင်းလား၊ မိုင်းကိုင်)
    - o အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) ၆ နေရာအတွက် မဲဆန္ဒနယ်များ၊
    - o ရှမ်းပြည်နယ်လွှတ်တော် ၁၂ နေရာအတွက် မဲဆန္ဒနယ်များ၊

- ရခိုင်ပြည်နယ်ရှိ မြို့နယ် ကိုး ခု (ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မြောက်ဦး)
    - အထက်လွှတ်တော် (ပြည်ထောင်စုလွှတ်တော်) ၇ နေရာအတွက် မဲဆန္ဒနယ်များ
    - အောက်လွှတ်တော် ၉ နေရာအတွက် မဲဆန္ဒနယ်များ
    - ရခိုင်ပြည်နယ်လွှတ်တော် ၁၈ နေရာအတွက် မဲဆန္ဒနယ်များ
- ထပ်မံ၍ ရခိုင်ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ် ၂ ခု ( အမ်း–၂ နေရာ နှင့် တောင်ကုတ်–၁ နေရာ) တို့ဖြစ်သည်။

ဤကြေညာချက်များအရ ဖျက်သိမ်းခံရသော မဲဆန္ဒနယ်များမှာ အထက်လွှတ်တော် အမတ်နေရာ ၇ နေရာ၊ အောက်လွှတ်တော်မှ ၁၅ နေရာ၊ ရခိုင်ပြည်နယ်လွှတ်တော်အတွက်မှ နေရာ ၂၀ နှင့် ရှမ်းပြည်နယ်လွှတ်တော်အတွက် ၁၂ နေရာ စုစုပေါင်း ၅၄ နေရာဖြစ်ပြီး နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲ၌ ထိုဒေသများတွင် မဲပေးနိုင်ခြင်းမရှိခဲ့ပေ (ဇယား ၁ တွင်လေ့လာနိုင်ပါသည်)။ ချင်း၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ၄၁ မြို့နယ်ရှိ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်ပေါင်း ၆၆၅ ခု ၏ မဲဆန္ဒနယ်များ တစ်စိတ်တစ်ပိုင်းမှာလည်း ဖျက်သိမ်းခံခဲ့ရသည်။ တစ်စိတ်တစ်ပိုင်း ဖျက်သိမ်းခံရသော မဲဆန္ဒနယ်နေရာများရှိ မဲဆန္ဒရှင် ပြည်သူများမှာ မဲပေးခွင့်ရရှိမည်မဟုတ်သော်လည်း အခြားသော မဲဆန္ဒနယ်နေရာများရှိ မဲဆန္ဒရှင် ပြည်သူတို့မှ ကိုယ်စားလှယ်လောင်းအား ဆက်လက်မဲပေးနိုင်ပေသည်။

မဲပေးနိုင်ခြင်းမရှိသူ အရေအတွက်အား ကိန်းဂဏန်းအတိအကျဖြင့် ဖော်ပြရန်မှာခက်ခဲလှသည်။ ပြည်သူအများစုမှာလည်း ပြည်တွင်းစစ်ဘေးရှောင်နေရလျက်ရှိသည် (“အဘယ့်ကြောင့် တိုင်းရင်းသားပါတီများ ပိုမိုကောင်းမွန်စွာ မလုပ်ဆောင်နိုင်ခဲ့သလဲ” တွင် ကြည့်ပါ)။ သို့ရာတွင် ခန့်မှန်းတွက်ချက်မှုများအရ မဲဆန္ဒနယ်များဖျက်သိမ်းမှုကြောင့် မဲပေးခွင့်ရှိသူ စုစုပေါင်း ၁.၅ သန်းခန့်မှာ မဲပေးခွင့်မရရှိခဲ့ကြဘဲ ထိုဒေသများမှာ တိုင်းရင်းသားလူမျိုးပါတီများ မဲအများဆုံးရရှိရန် ခန့်မှန်းထားခဲ့သောဒေသများလည်းဖြစ်သည်။ ထိုကဲ့သို့ ပယ်ဖျက်ခြင်းများတွင်ရိုဟင်ဂျာလူမျိုးစုများလည်း ပါဝင်ပြီး ၎င်းတို့အများစုမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကတည်းကမဲပေးခွင့်အား ပိတ်ပင်ခံရခြင်းနှင့် ရွေးကောက်ပွဲစာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ခံခဲ့ရသည်။[၂၀] လက်ရှိတွင် ရိုဟင်ဂျာ လူဦးရေ ၁ သန်းကျော်မှာ ၎င်းတို့နေအိမ်များမှထွက်ပြေးတိမ်းရှောင်နေရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြား တိုင်းပြည်များတွင် ဒုက္ခသည်များအနေနှင့်လည်းကောင်း (သို့မဟုတ်) ရခိုင်ပြည်နယ်ရှိ ပြန်လည်နေရာချထားရေး စခန်းများတွင်လည်းကောင်း တိမ်းရှောင်နေထိုင်ကြသည်။

မဲဆန္ဒနယ် အများအပြား ဖျက်သိမ်းခြင်းကဲ့သို့သော ဆုံးဖြတ်ချက်များချခဲ့ခြင်းမှာ အငြင်းပွားဖွယ်ရာဖြစ်ပြီး အထူးသဖြင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအနေဖြင့် မကျေနပ်မှုများရှိခဲ့သည်။[၂၁] ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်မှစ၍ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သောရွေးကောက်ပွဲများတွင် ယင်းကဲ့သို့ ဖျက်သိမ်းခြင်းများမှာ အမြစ်တွယ်နေသော ကိစ္စရပ်တစ်ခုဖြစ်သည်။ မတည်ငြိမ်မှုနှင့် ပဋိပက္ခများ ဖြစ်နေသောကြောင့် မဲဆန္ဒနယ်များ ဖျက်သိမ်းခြင်းမှာ အံ့သြစရာမရှိပေ။ သို့သော် ထိုကဲ့သို့ မဲဆန္ဒနယ်များဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှု ဖြစ်စဉ်မှာ ပွင့်လင်းမြင်သာမှု မရှိသောကြောင့် နိုင်ငံရေးဆိုင်ရာ ဘက်လိုက်မှုများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးစရာဖြစ်လာသည်။[၂၂] ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများကဲ့သို့ UEC အနေဖြင့် ၎င်း၏ကြေငြာချက်များ မထုတ်မီ ကြိုတင်ဆွေးနွေး တိုင်ပင်မှုများ ဆောင်ရွက်ခဲ့ခြင်းမရှိသလို မည်သည့်အသေးစိတ် အကြောင်းပြချက်မဆိုဖော်ပြခဲ့ခြင်း မရှိခဲ့ပေ။ အငြင်းပွားမှုများ အရှိန်အဟုန်မြင့်လာသောအခါ ယခုနှစ်မဲဆန္ဒနယ်အများအပြား ဖျက်သိမ်းမှုများအတွက် NLD ဦးဆောင်သော အစိုးရနှင့် တပ်မတော်တို့မှာ တစ်ဦးအပေါ်တစ်ဦး ပြစ်တင်ရှုံ့ချမှုများ ပြုခဲ့ကြသည်။[၂၃]

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲဆန္ဒနယ်များဖျက်သိမ်းသော အရေအတွက်သည် ၂၀၁၅ ခုနှစ် NLD ပါတီ အနိုင်ရခဲ့စဉ်ကထက် ပိုမိုများပြားခဲ့သည်။[၂၄] အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား ငါးနှစ်ကြာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်း

မှုများ ပြုလုပ်ပြီးနောက် မဲဆန္ဒနယ်များအား ဤကဲ့သို့ အတိုင်းအတာ ပမာဏတစ်ခုအထိ ဖျက်သိမ်းခဲ့ခြင်းမှာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတို့အတွက် အံ့သြစရာတစ်ခု ဖြစ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလအတွင်း ဖျက်သိမ်းခံ မဲဆန္ဒနယ်များအားလုံးတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေခြင်းမဟုတ်ပေ။ အချို့သော ဖျက်သိမ်းခံနေရာတို့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် လက်မှတ်ရေးထိုး ထားသော အဖွဲ့များမှ စီမံအုပ်ချုပ်နေသော ဒေသများ ပါဝင်ခဲ့သည်။[၂၅]

ထိုကဲ့သို့အများအပြား ဖျက်သိမ်းခံရခြင်းအကြောင်း အရင်းမှာ တစ်ခုတည်းဆိုသည်ထက် ပိုမိုရှုပ်ထွေး သော အကြောင်းပြချက်ပေါင်းများစွာ ရှိဟန်ပေါ်ခဲ့သည်။ ဥပမာ အနေဖြင့် ရှမ်းပြည်နယ်တွင် ဒေသတွင်း အင်အားအကြီး ဆုံးတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခု ဖြစ်သောအပစ်အခတ် ရပ်စဲထားသည့် ဝပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) မှထိန်းချုပ်ထားသော မြို့နယ် ၄ မြို့နယ်ရှိ မဲစာရင်းများပြင်ဆင်ရန် သို့မဟုတ် ရွေးကောက်ပွဲ ကျင်းပရန်အတွက် အစိုးရအနေဖြင့် ဝင်ရောက်လုပ်ဆောင်ရန် အခွင့်အရေးမရှိခဲ့ပေ။ UWSP ပါတီသည်တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း ၁၉၈၉ ခုနှစ်မှစတင်ကာ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည်။ UWSP ပါတီအနေဖြင့်လည်း တစ်ပါတီစနစ်အားကျင့်သုံးပြီး ရွေးကောက်ပွဲများ ကျင်းပမှုကို ခွင့်မပြုပေ။ ထို့ကြောင့် ရွေးကောက်ပွဲဆက်လက်ကျင်းပခဲ့လျှင်တောင် UWSP ပါတီ အုပ်ချုပ်သော ဒေသများတွင်ပြင်ပမှနိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေးများဝင်ရောက် လုပ်ဆောင်နိုင်ဖွယ်မရှိပေ။[၂၆]

သို့သော် အခြားသော ဖျက်သိမ်းခံမဲဆန္ဒနယ်များတွင်လတ်တလော လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေသည်ကို မတွေ့ရှိရပေ။ ဥပမာအနေဖြင့် ရခိုင်ပြည်နယ်ပေါက်တောနှင့် တောင်ကုတ်တို့တွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခြင်းမရှိဘဲ မောင်တောတွင် အနည်းငယ်သာ ဖြစ်ပွားလျက်ရှိသည်။ နိုင်ငံရေးတင်းမာမှုရေချိန်မြင့်နေချိန်အတွင်း ထိုသို့သောနေရာများတွင် ဖျက်သိမ်းခြင်းသည် အထူးသဖြင့် အငြင်းပွားဖွယ်ရာကိစ္စများကို ဖြစ်ပေါ်စေသည်။[၂၇] အပစ်အခတ်များ မရှိသော်လည်း ထိုနေရာများတွင် ရဲနှင့် ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများလွတ်လပ်စွာ သွားလာလှုပ်ရှားရန် သို့မဟုတ် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရန် အတွက် လုံခြုံသည်ဟု မဆိုနိုင်ပေ။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ဆက်စပ်နေသော ဒေသများမှာ လွန်ခဲ့သော ၂ နှစ်တာ ကာလအတွင်း တပ်မတော်နှင့် ULA–AA တို့အကြား လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ကြိုတင်မခန့်မှန်းနိုင်သော စစ်မက်ဇုန်တစ်ခု ဖြစ်လာခဲ့သည်။ တိုက်ပွဲများကြောင့် ပြည်သူ ၂၂၀၀၀ ခန့် စစ်ဘေးရှောင်ခဲ့ရကာ ၂၈၉ ယောက်သေဆုံးခဲ့သည်။[၂၈]

တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ သာမက ခြိမ်းခြောက်မှုဖြစ်ရပ်များနှင့် ULA–AA မှ ရဲနှင့် အစိုးရအရာရှိများအား ပစ်မှတ်ထားသတ်ဖြတ်ခြင်းသကဲ့သို့ဖြစ်ရပ်များကို အစီရင်ခံစာများမှတဆင့် အကြမ်းဖက်မှု၏ စိုးရိမ်ဖွယ်အန္တရာယ်များအား မီးမောင်းထိုးပြခဲ့သည်။ အောက်တိုဘာလလယ်တွင် NLD ကိုယ်စားလှယ်အမတ်လောင်း ၃ ဦးအား ULA–AA မှပြန်ပေးဆွဲခဲ့ပြီး ထိုဖြစ်ရပ်မှာ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများကို ထပ်မံမြှင့်တတ်စေခဲ့သည် (“မဲဆွယ်စည်းရုံးရေးကာလ နှင့် ရွေးကောက်ပွဲများ” တွင် ကြည့်ပါ)။[၂၉] ရိုဟင်ဂျာဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်သို့ အစုအပြုံလိုက် ထွက်ခွာသွားမှုအား ကြည့်လျှင် ရခိုင်ပြည်နယ်၌ ဖြစ်နိုင်ဖွယ် စစ်ဘက်ဆိုင်ရာရာဇဝတ်မှုများအပါအဝင် စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများကြောင့် ဟိတ်ဂ်မြို့တော်ရှိ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် နိုင်ငံတကာတရားရုံးတို့မှ ပါဝင်လာခဲ့ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုစုံစမ်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ် ဖြစ်လာခဲ့သည်။

ဤနောက်ခံအကြောင်းအရင်းများကြောင့် UEC မှတွေ့ဆုံဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပြီးအသေးစိတ်ကျကျ၊ ပွင့်လင်းမြင်သာမှုများ နှင့်တကွရှင်းလင်းချက်များ ပေးနိုင်မှသာလျှင် မဲဆန္ဒနယ်များကို ဖျက်သိမ်းရခြင်း အကြောင်းပြချက်များကို ခိုင်လုံစွာပြသနိုင်ပါလိမ့်မည် ဖြစ်သည်။ သို့သော် တိကျမှုမရှိခြင်းနှင့် မဲဆန္ဒနယ်များ ရွေးချယ်ရာတွင် NLD ပါတီ ထောက်ခံမှုကို မျက်နှာသာပေးမှုများရှိသောကြောင့် နိုင်ငံရေးအရမကျေမနပ်မှုများနှင့် အမျိုးသားရေးတွင် ပါဝင်တက်ကြွလုပ်ရှားသူများကို အမျက်ဒေါသဖြစ်စေခဲ့သည်။ ရခိုင်ပြည်နယ်တွင်ဖျက်သိမ်းခဲ့သော မဲဆန္ဒနယ်များအားလုံးမှာ ပေါ်

လွှင့်ထင်ရှားသော ရခိုင်ပါတီတစ်ခုဖြစ်သည့် ရခိုင်အမျိုးသားပါတီအနေဖြင့် မဲအများဆုံး အနိုင်ရရှိရန် မျှော်လင့်ထားခဲ့သည့် နယ်မြေများဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရခိုင်အမျိုးသားပါတီမှာ ပြည်နယ်၌ လွှတ်တော်အမတ်နေရာအများဆုံး အနိုင်ရရှိခဲ့သည်။

မဲဆန္ဒနယ် ရွေးချယ်ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍အပေါ်လွှင်ဆုံးသော ဥပမာပေးရလျှင် ရခိုင်ပြည်နယ်နှင့်ထိစပ်လျက်ရှိသော ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင်မဲပေးခွင့်အား ခွင့်ပြုရန် ဆုံးဖြတ်ချက်ရှိခဲ့သည်။ ကနဦးတွင် UEC မှ ပလက်ဝမြို့နယ်၌ မဲပေးခွင့်ဖျက်သိမ်းခြင်းအားအသိပေး ကြေညာခြင်းမရှိခဲ့ပေ။ အငြင်းပွားမှုများဖြစ်ပေါ်လာသည့်နောက်ပိုင်းတွင် ရွေးကောက်ပွဲကော်မရှင်မှကျေးလက်ဒေသ အတော်များများတွင် မဲပေးခွင့် ရုပ်သိမ်းလိုက်သော်လည်း မြို့နှစ်မြို့တွင်မူ မဲပေးပိုင်ခွင့်အားဆက်လက်ခွင့်ပြုခဲ့သည်။ သို့သော် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၉ မြို့နယ်တွင် မဲပေးနိုင်ရန် လုံးဝမဖြစ်နိုင်သောအခြေအနေ၌ အဘယ်ကြောင့် UEC မှ ပလက်ဝရှိ အချို့သောနယ်မြေများအား မဲပေးနိုင်ခွင့်ပြုကြောင်း စဉ်းစားခဲ့သည်ကို နားလည်ရန်ခက်ခဲခဲ့သည်။ လွန်ခဲ့သော နှစ်နှစ်တာအတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်သောကြောင့်သွားလာရခက်ခဲပြီး အန္တရာယ်ရှိသော နေရာအဖြစ် ပလက်ဝမြို့နယ်မှာ ပဋိပက္ခသက်ရောက်မှု အများဆုံးခံခဲ့ရသည်။ ပလက်ဝဒေသအတွက် NLD ပါတီအနေဖြင့် အမတ်နေရာ ၅ နေရာရရှိရန် သေချာနေသော်လည်း ရခိုင်ပြည်နယ်တွင်ရခိုင်အမျိုးသားပါတီမှ ကိုယ်စားပြုသော ဖျက်သိမ်းခဲ့သည့် မည်သည့်မြို့နယ်မှာမျှ နိုင်ချေမရှိသောကြောင့် UEC ၏မျက်နှာသာပေးဘက်လိုက်မှုမှာ သိသာထင်ရှားခဲ့ပြီး ဝေဖန်ထောက်ပြမှုများ ရှိခဲ့သည်။

မဲဆန္ဒနယ်မြေများ ဖျက်သိမ်းခြင်းကိစ္စမှာ မပြီးဆုံးသေးပေ။ ရွေးကောက်ပွဲပြီးနောက် မမျှော်လင့်သောအချိုးအကွေ့တစ်ခုမှာ အစိုးရအနေဖြင့် မဲပေးမှုဖျက်သိမ်းထားသော မြို့နယ်များ၌ ဒီဇင်ဘာလကုန် ပိုင်းတွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပေးရန် ULA–AA ၏တောင်းဆိုချက်ကို တပ်မတော်မှ လက်ခံကြိုဆိုကြောင်း ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။[၂၀] ဤကဲ့သို့ ပံ့ပိုးသောအပြန်အလှန်စာများကြောင့် စစ်ဘက်ဆိုင်ရာ တင်းမာမှုများ စတင်လျော့ကျခဲ့သည်။ ပထမဦးဆုံး ငြိမ်းချမ်းရေးခြေလှမ်းများ စတင်လာနိုင်ဖွယ်ဖြစ်ခဲ့သည်။ ကနဦးတွင် ကြားဖြတ်ရေးကောက်ပွဲများကို မလွဲမရှောင်သာ လုပ်ဆောင်ပေးနိုင်ချေမှာ အနည်းငယ်သာရှိခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံ၏ အထူးသံတမန် ရိုဟီစာစာကာဝါမှ ရွေးကောက်ပွဲများ ပြီးမြောက်မှုအတွက် ပံ့ပိုးရန် အစိုးရနှင့် ULA–AA အဖွဲ့များကြား နှိုးဆော်စေ့စပ်ခဲ့ပြီးနောက် UEC အနေဖြင့် စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် ၎င်း၏စိတ်ပျက်မှုများကို ဖော်ပြခဲ့သည်။[၂၁] သို့သော် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော ရခိုင်ပြည်နယ်နေ့တွင် ပြည်ထောင်စုသမ္မတဦးဝင်းမြင့်မှ ကြားဖြတ်ရွေးကောက်ပွဲများအား အမြန်ဆုံးလုပ်ဆောင်နိုင်ရန် မျှော်လင့်ကြောင်းကို၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။[၂၂] လာမည့်လများတွင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ တိုးတက်ရေးမှာ နိုင်ငံတွင်း နိုင်ငံရေးလားရာများကို အဓိကတိုင်းတာနိုင်မည့် အရာတစ်ခုဖြစ်လာနိုင်ဖွယ်ရှိသည်။

ဤကဲ့သို့ ဒေသအလိုက်ရွေးချယ်ပြီး "တစ်စိတ်တစ်ပိုင်း" သာ မဲပေးခွင့်ရုပ်သိမ်းမှုများကို နိုင်ငံ၏ အခြားဒေသများတွင် လည်းတွေ့ရှိရသည်။ တိုင်းရင်းသားပါတီများ၏ ဝေဖန်ထောက်ပြမှုများအကြား မဲပေးခွင့်များကို ကချင်ပြည်နယ်တွင် ၁၁ မြို့နယ်၊ ကရင်ပြည်နယ်တွင် ၆ မြို့နယ်၊ ရှမ်းပြည်နယ်တွင် ၁၇ မြို့နယ်၊ မွန်ပြည်နယ် ၁ မြို့နယ်၊နှင့် ပဲခူးတိုင်းဒေသကြီးတွင် ၂ မြို့နယ် တို့တွင်လည်း ရုပ်သိမ်းခဲ့သည်။[၂၃] ထိုမြို့နယ်များအားလုံးမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများစီမံ ထိန်းချုပ်ထားသော နယ်နမိတ်များဖြစ်သော်လည်း အများစုမှာ ၂၀၁၂ ခုနှစ်မှ စတင်၍ အစိုးရနှင့် အပစ်အခတ်ရပ်စဲထားပြီး အချို့မှာ ၂၀၁၂ ခုနှစ် မတိုင်မီကပင်ဖြစ်သည်။[၂၄] ကချင်ပြည်နယ်တွင် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) မှလည်း အစိုးရဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ "စစ်ပြေမှုများလျှော့ချခြင်း" သဘောတူညီချက် ရှိခဲ့သည်။

ကိုဗစ်–၁၉ ကပ်ရောဂါ အရေးပေါ်ဖြစ်လာသော်လည်းတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် လက်မှတ်ရေးထိုးထားသော KNU နှင့် RCSS စီမံအုပ်ချုပ်သော နယ်နိမိတ်များအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများအပါအဝင် နှစ်လယ်ပိုင်းတွင် တပ်မတော်၏ စစ်ဆင်ရေးများမှာ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ "ဒေသခံတိုင်းရင်းသားလူမျိုးများ"၏ ယုံကြည်မှုမှာ "ငြိမ်းချမ်းရေးဖြစ်စဉ်

ပေါ်တွင် မေးမှိန်လာခဲ့ကြောင်း” KNU မှ သတိပေးခဲ့သည်။[၃၅] အလားတူ ဝေဖန်မှုများကို ချင်း၊ ကချင်၊ မွန် နှင့် ရှမ်းပြည်နယ်သာမက ပဲခူးတိုင်းဒေသကြီးရှိ ပါတီများမှ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။[၃၆] လေးကြိမ်မြောက် ၂၁ရာစု ပင်လုံညီလာခံကို နေပြည်တော်တွင် သြဂုတ်လ၌ ကြပ်တည်းနေသည့် အခြေအနေများထဲတွင် ကျင်းပခဲ့သည်။

သို့သော် NCA ဖြစ်စေ၊ ၂၁ ရာစုပင်လုံဖြစ်စေ နှစ်ခုလုံးမှာ UEC နှင့် တပ်မတော်တို့အတွက် လုံခြုံရေးအခြေအနေနှင့်ပတ်သက်သည့် ၎င်းတို့၏ အမြင်များကို ပြောင်းလဲနိုင်ဖွယ်မရှိခဲ့ဘဲ များစွာသော မြို့နယ်များနှင့် ကျေးရွာအုပ်စုများတွင် မဲပေးခွင့်ကို ဖျက်သိမ်းခဲ့သည်။

## ပုံစံကွက် – ၁ ရွေးကောက်ပွဲ ဖျက်သိမ်းခဲ့သော မဲဆန္ဒနယ်များ

အောက်ပါဖော်ပြပါဇယားတွင် ရွေးကောက်ပွဲကော်မရှင်မှ မဲပေးခွင့်အားလုံးဖျက်သိမ်းခဲ့သည့် မဲဆန္ဒနယ်များအားလုံးကို ဖော်ပြထားသည်။ လုံခြုံရေးအခြေအနေများ ကောင်းမွန်တိုးတက်လာသည်ဟု UEC မှ ဆုံးဖြတ်ပြီးလျှင် အနာဂတ်တွင် ထိုလစ်လပ်နေသော ကိုယ်စားလှယ်နေရာများအားဖြည့်ရန် ကြားဖြတ်ရွေးကောက်ပွဲများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

| | မဲဆန္ဒနယ်များ | လွှတ်တော် | တာဝန်ထမ်းဆောင်နေဆဲ |
|---|---|---|---|
| **ရခိုင် ပြည်နယ်** | | | |
| ၁ | ဘူးသီးတောင် | အောက်လွှတ်တော် | ANP |
| ၂ | ကျောက်တော် | အောက်လွှတ်တော် | ANP |
| ၃ | မောင်တော | အောက်လွှတ်တော် | ANP |
| ၄ | မင်းပြား | အောက်လွှတ်တော် | ANP |
| ၅ | မြောက်ဦး | အောက်လွှတ်တော် | ANP |
| ၆ | မြေပုံ | အောက်လွှတ်တော် | ANP |
| ၇ | ပေါက်တော | အောက်လွှတ်တော် | ANP |
| ၈ | ပုဏ္ဏားကျွန်း | အောက်လွှတ်တော် | ANP |
| ၉ | ရသေ့တောင် | အောက်လွှတ်တော် | ANP |
| ၁၀ | ရခိုင်-၄ (ပေါက်တော) | အထက်လွှတ်တော် | ANP |
| ၁၁ | ရခိုင်-၅ (ပုဏ္ဏားကျွန်း) | အထက်လွှတ်တော် | ANP |
| ၁၂ | ရခိုင်-၆ (ရသေ့တောင်) | အထက်လွှတ်တော် | ANP |
| ၁၃ | ရခိုင်-၇ (မောင်တော+ဘူးသီးတောင်) | အထက်လွှတ်တော် | ANP |
| ၁၄ | ရခိုင်-၈ (ကျောက်တော်) | အထက်လွှတ်တော် | ANP |
| ၁၅ | ရခိုင်-၉ (မင်းပြား+မြေပုံ) | အထက်လွှတ်တော် | ANP |

| | | | |
|---|---|---|---|
| ၁၆ | ရခိုင်-၁၀ (မြောက်ဦး) | အထက်လွှတ်တော် | ANP |
| ၁၇ | အမ်း -၂ | ပြည်နယ်လွှတ်တော် | ANP |
| ၁၈ | ဘူးသီးတောင်- ၁ | ပြည်နယ်လွှတ်တော် | USDP |
| ၁၉ | ဘူးသီးတောင်- ၂ | ပြည်နယ်လွှတ်တော် | ANP |
| ၂၀ | ကျောက်တော်- ၁ | ပြည်နယ်လွှတ်တော် | ANP |
| ၂၁ | ကျောက်တော်- ၂ | ပြည်နယ်လွှတ်တော် | ANP |
| ၂၂ | မောင်တော- ၁ | ပြည်နယ်လွှတ်တော် | USDP |
| ၂၃ | မောင်တော- ၂ | ပြည်နယ်လွှတ်တော် | ANP |
| ၂၄ | မင်းပြား- ၁ | ပြည်နယ်လွှတ်တော် | ANP |
| ၂၅ | မင်းပြား- ၂ | ပြည်နယ်လွှတ်တော် | ANP |
| ၂၆ | မြောက်ဦး-၁ | ပြည်နယ်လွှတ်တော် | ANP |
| ၂၇ | မြောက်ဦး-၂ | ပြည်နယ်လွှတ်တော် | ANP |
| ၂၈ | မြေပုံ- ၁ | ပြည်နယ်လွှတ်တော် | ANP |
| ၂၉ | မြေပုံ- ၂ | ပြည်နယ်လွှတ်တော် | ANP |
| ၃၀ | ပေါက်တော- ၁ | ပြည်နယ်လွှတ်တော် | ANP |
| ၃၁ | ပေါက်တော- ၂ | ပြည်နယ်လွှတ်တော် | ANP |
| ၃၂ | ပုဏ္ဏားကျွန်း- ၁ | ပြည်နယ်လွှတ်တော် | ANP |
| ၃၃ | ပုဏ္ဏားကျွန်း-၂ | ပြည်နယ်လွှတ်တော် | ANP |
| ၃၄ | ရသေ့တောင်- ၁ | ပြည်နယ်လွှတ်တော် | ANP |
| ၃၅ | ရသေ့တောင်- ၂ | ပြည်နယ်လွှတ်တော် | AFP |
| ၃၆ | တောင်ကုတ်- ၁ | ပြည်နယ်လွှတ်တော် | NLD |
| **ရှမ်းပြည်နယ်** | | | |
| ၃၇ | မိုင်းလား | အောက်လွှတ်တော် | လစ်လပ်နေရာ |
| ၃၈ | ပန်ဆန်း | အောက်လွှတ်တော် | လစ်လပ်နေရာ |
| ၃၉ | နားဖန်း | အောက်လွှတ်တော် | လစ်လပ်နေရာ |
| ၄၀ | မိုင်းမော | အောက်လွှတ်တော် | လစ်လပ်နေရာ |
| ၄၁ | ပန်ဝိုင် | အောက်လွှတ်တော် | လစ်လပ်နေရာ |
| ၄၂ | မိုင်းကိုင် | အောက်လွှတ်တော် | SNLD |

| | | | |
|---|---|---|---|
| ၄၃ | မိုင်းလား-၁ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၄၄ | မိုင်းလား-၂ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၄၅ | ပန်ဆန်း-၁ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၄၆ | ပန်ဆန်း-၂ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၄၇ | နားဖန်း-၁ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၄၈ | နားဖန်း-၂ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၄၉ | မိုင်းမော-၁ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၅၀ | မိုင်းမော-၂ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၅၁ | ပန်ဝိုင်-၁ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၅၂ | ပန်ဝိုင်-၂ | ပြည်နယ်လွှတ်တော် | လစ်လပ်နေရာ |
| ၅၃ | မိုင်းကိုင်-၁ | ပြည်နယ်လွှတ်တော် | SNLD |
| ၅၄ | မိုင်းကိုင်-၂ | ပြည်နယ်လွှတ်တော် | SNLD |

## တိုင်းရင်းသားလူမျိုးနိုင်ငံရေးပါတီများ အတွက်အခြားသောစိတ်ပျက်စရာ ကောင်းသည့်ရလဒ်

ရွေးကောက်ပွဲမတိုင်မီ အစိကတိုင်းရင်းသားပါတီများမှာ ပေါင်းစည်းခြင်း တွန်းအားများကြောင့် သိသာသောအောင်မြင်မှုများကို ရရှိနိုင်မည်သာမက လာမည့်သမ္မတရွေးချယ်ရာတွင်လည်း "အစိက" အခန်းကဏ္ဍတွင် ပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြပါသည်။[၃၈] ၎င်းတို့သည် တိုင်းရင်းသားလူမျိုးမဲပေးသူများ အနေဖြင့် NLD ဦးဆောင်အစိုးရ၏ လုပ်ဆောင်ရည်များနှင့် ပတ်သက်၍ ကျေနပ်အားရမှုမရှိခြင်း၊ ပိုမိုကျယ်ပြန့်သည့် တိုင်းရင်းသားလူမျိုး အရေးကိစ္စများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အလေးမထားခြင်းတို့ကို ထောက်ပြခဲ့သည်။ ပါတီများပေါင်းစည်းခြင်းဖြင့် "မဲကွဲခြင်း" တို့ကိုရှောင်ရှားနိုင်လိမ့်မည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင်များအတွက် ပိုမိုယုံကြည်နိုင်သည့် ရွေးချယ်မှုတစ်ခုအား ဖြစ်ပေါ်စေလိမ့်မည်ဟု တိုင်းရင်းသားခေါင်းဆောင်များမှ ယုံကြည်ခဲ့ကြသည်။[၃၉] ထိုမှုမက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် (NLD နှင့် USDP ပါတီတို့၏ နောက်) တတိယ နှင့် စတုတ္ထအမတ်ကိုယ်စားလှယ်နေရာ အများဆုံးရရှိခဲ့သော အင်အားအကြီးဆုံး တိုင်းရင်းသားလူမျိုး ပါတီများဖြစ်သည့် ANP နှင့် SNLD တို့မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ၎င်းတို့၏ စွမ်းဆောင်ရည်ကိုပိုမိုမြှင့်တင်ရန် မျှော်လင့်ခဲ့သည်။

၎င်းတို့၏မဲဆွယ်စည်းရုံးမှုများကို ပိုမိုအထောက်အကူပြုစေရန် တိုင်းရင်းသားပါတီများအနေဖြင့် လူငယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များအပါအဝင် မတူကွဲပြားသောအမတ်လောင်းများ ပါဝင်နိုင်ရန် ကြိုးစားလုပ်ဆောင်ခဲ့ပြီး အချို့သော အခြေအနေများတွင် အခြားတိုင်းရင်းသားလူနည်းစု အစုအဖွဲ့များမှ ကိုယ်စားလှယ်များအားလည်း ဖော်ထုတ်ရွေးချယ် ပါဝင်စေခဲ့သည်။ အချို့သော ပါတီများမှာလည်း လူထုရပ်ရွာများ၏စိုးရိမ်မှုကိစ္စရပ်များဖြစ်သော ကျန်းမာရေး၊ မူးယစ်ဆေးဝါး သို့မဟုတ် မြေယာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အရေးများ စသည့်အရေးကြီးကိစ္စရပ်များပေါ်တွင် အသေးစိတ်မူဝါဒများ ရေးဆွဲကာ မဲဆွယ်စည်းရုံးရေးအား လုပ်ဆောင်ခဲ့ကြသည်။ ဤကဲ့သို့အခြေခံကျကျ ဆောင်ရွက်ခြင်းအားဖြင့် ပါတီအပေါ်သစ္စာရှိရေး၊ အစိုးရဖွဲ့စည်းနိုင်ရေးနှင့်အကျိုးအမြတ်ရရေးစသည့်မဲဆွယ်စည်းရုံးရေးအရည်

## ပုံစံကွက် – ၂ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲရလဒ်များ[၆၁]

| | နိုင်ငံရေး ပါတီ | အောက် လွှတ်တော် | အထက် လွှတ်တော် | စုစု ပေါင်း | ရွေးကောက် ခံရသည့် % | စစ်တပ် ပါဝင်မှု % | |
|---|---|---|---|---|---|---|---|
| 1 | NLD | 258 | 138 | **396** | 83.2 % | 61.7% | |
| 2 | USDP | 26 | 7 | **33** | 6.9% | 5.1% | |
| 3 | SNLD | 13 | 2 | **15** | 3.2% | 2.3% | |
| 4 | ANP | 4 | 4 | **8** | 1.7% | 1.2% | |
| 5 | KySDP | 2 | 3 | **5** | 1.1% | 0.8% | |
| 6 | MUP | 2 | 3 | **5** | 1.1% | 0.8% | |
| 7 | TNP | 3 | 2 | **5** | 1.1% | 0.8% | |
| 8 | PNO | 3 | 1 | **4** | 0.8% | 0.6% | |
| 9 | AFP | 1 | 0 | **1** | 0.2% | 0.2% | |
| 10 | KSPP | 1 | 0 | **1** | 0.2% | 0.2% | |
| 11 | NDP-K | 0 | 1 | **1** | 0.2% | 0.2% | |
| 12 | WNP | 1 | 0 | **1** | 0.2% | 0.2% | |
| 13 | ZCDP | 1 | 0 | **1** | 0.2% | 0.2% | |
| | | **315** | **161** | **476** | **100.00%** | **74.14%12** | |
| | | | | 166 | | 25.86% | စစ်တပ်[၆၂] |
| | | | | **642** | | **100.00%** | **စုစုပေါင်း** |
| **တိုင်းရင်းသားပါတီများ** | | | | 47 | 9.87% | 7.32% | |

## ပုံစံကွက်-၃ လွန်ခဲ့သောရွေးကောက်ပွဲများနှင့် တိုင်းရင်းသားပါတီများပါဝင်မှုကို နှိုင်းယှဉ်ထားခြင်း

| | ၁၉၉၀ | ၂၀၁၀ | ၂၀၁၅ | ၂၀၂၀ |
|---|---|---|---|---|
| ယှဉ်ပြိုင်ခဲ့သော တိုင်းရင်းသားပါတီများ | ၄၅ | ၂၄ | ၅၅ | ၅၄၄၃ |
| ကိုယ်စားလှယ်နေရာများ အနိုင်ရရှိသော တိုင်းရင်းသားပါတီများ | ၁၉ (၄၂%) | ၁၃ (၅၄%) | ၁၀ (၁၈%) | ၁၁ (၂၀%) |
| ရနိုင်သော ကိုယ်စားလှယ် နေရာများ အနိုင်ရရှိမှု % | ၁၄% | ၁၅% | ၁၁% | ၁၀ % |

အသွေးသုံးရပ်အား အာရုံစူးစိုက်သည့် အဓိကပါတီများ ဖြစ်သော NLD၊ USDP နှင့် အခြားအမျိုးသားပါတီများ ထက်၎င်းတို့အနေဖြင့် မဲဆန္ဒရှင်ပြည်သူများအား ပိုမို အာရုံစိုက်ပြီး အနှစ်သာရရှိသော အစီအစဉ်များကို ဆောင် ရွက်ထားရှိခဲ့သည်ဟု တိုင်းရင်းသားလူမျိုး အရေးလှုပ် ရှားမှု အများအပြားမှ ယုံကြည်ခဲ့ကြသည်။ ("အဘယ့် ကြောင့်တိုင်းရင်းသားပါတီများ ပိုမိုကောင်းမွန်စွာ မလုပ် ဆောင်နိုင်ခဲ့သလဲ" တွင်ကြည့်ပါ။)

ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်မီ တိုင်းရင်းသား ပါတီလှုပ်ရှားဆောင်ရွက်မှုများမှာ ကောင်းမွန်ခဲ့ကြောင်း နိုင်ငံရေး စစ်တမ်းတုန့်ပြန်ချက်များမှ အကြံပြုရရှိခဲ့ သည်။ သို့သော် ရွေးကောက်ပွဲနေ့တွင် မည်သည့်အသီး အပွင့်ရလဒ်မျှ ၎င်းတို့အနေဖြင့် မရရှိခဲ့ပေ။ မျှော်လင့်ချက် ကြီးစွာထားရှိသော်လည်း တိုင်းရင်းသားပါတီများအနေ ဖြင့် ၂၀၁၅ ရွေးကောက်ပွဲ လုပ်ဆောင်ချက်များထက် ပိုမို ကောင်းမွန်အောင် မလုပ်ဆောင်နိုင်ခဲ့ပေ။ အမျိုးသား ဥပဒေပြုလွှတ်တော်တွင် စုစုပေါင်း ကိုယ်စားလှယ် ၄၇ နေရာသာ အနိုင်ရရှိခြင်း (သို့မဟုတ်) အကြမ်းဖျင်းအား ဖြင့် ၁၀ ရာခိုင်နှုန်းသာရရှိခဲ့သည် (ပုံစံကွက်- ၂ တွင် ကြည့်ပါ)။ ဤသည်မှာ ယခင် ၂၀၁၅၊ ၂၀၁၀ နှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲများထက် အနည်းငယ် ပိုမိုအားနည်း ကြောင်းဖော်ပြလျက်ရှိသည်။

သို့သော် အတိအကျနှိုင်းယှဉ်မှုများ ပြုလုပ်ရန် ခက်ခဲသည်။ ၂၀၁၅ နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ပိုမို များပြားသော တိုင်းရင်းသားပါတီများပါဝင်ခဲ့ပြီး အနိုင်ရ ရှိသောပမာဏအရ အလွန်နည်းပါးကာ လွန်ခဲ့သော နိုင်ငံ ရေးခေတ်ကာလများ နှင့် ယခုရွေးကောက်ပွဲနှစ်ခုအား နှိုင်းယှဉ်ပါက ငါးချိုးတစ်ချိုးခန့်သာ အမျိုးသားလွှတ် တော်ကိုယ်စားလှယ်နေရာ အတွက်အနိုင်ရရှိခဲ့သည် (ပုံစံ ကွက်- ၃ တွင်ကြည့်ပါ)။ သို့သော် ယေဘုယျအားဖြင့် တိုင်းရင်းသားပါတီများ တည်ရှိသော မဲဆန္ဒနယ်အများစု တွင်မဲပေးခွင့် ဖျက်သိမ်းခြင်း အချက်တစ်ချက်မှာ ၂၀၁၅ ခုနှစ် နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၏ ရလဒ်စာရင်း ကျဆင်းမှု၏အကြောင်းရင်းတစ်ခု ဖြစ်နိုင် သည်။ အနှစ်ချုပ်ဆိုရလျှင် ပြောင်းလဲမှု အနည်းငယ်သာ ရှိခဲ့သည်။[၄၀]

ရလဒ်များအနေဖြင့် ပြည်နယ်ခုနှစ်ခု လွှတ်တော် များရှိ တိုင်းရင်းသားပါတီအများစုအတွက် အလားတူ စိတ်ပျက်စရာ ဖြစ်ခဲ့သည် (ပုံစံကွက်- ၄ တွင် ကြည့်ပါ)။ ဥပဒေပြုလွှတ်တော် ၇ ပြည်နယ်အနက် ၆ ပြည်နယ် တွင် NLD ပါတီမှာ အကောင်းဆုံး နေရာတွင် ရှိထားခဲ့ သည်။ သို့သော် ရခိုင်ပြည်နယ်တွင် ANP မှ အနိုင်ရရှိခဲ့ သည်။ တပ်မတော် ကြိုတင်ခွဲတမ်း ၂၅ ရာခိုင်နှုန်း ဝိတ် ထားသည့်တိုင်အောင် ချင်း၊ ကချင်၊ ကရင် နှင့် မွန်ပြည် နယ်တို့ရှိ ပြည်နယ်ဥပဒေပြုလွှတ်တော်များတွင် NLD ပါတီမှာ ကိုယ်စားလှယ်နေရာ သုံးပုံနှစ်ပုံကျော် အနိုင်ရ

ရှိခဲ့သည်။ ဤသည်မှာ NLD အနေဖြင့် ထိုလွှတ်တော် များတွင် ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌများကိုလည်း ရွေး ချယ်နိုင်ခွင့်ရှိပေမည်။ ကယား၊ ရခိုင် နှင့် ရှမ်းပြည်နယ် ဥပဒေပြုလွှတ်တော်များတွင်သာ NLD အနေဖြင့် အနိုင် မရရှိခဲ့ပေ။


NLD ပါတီအနေဖြင့် ၂၀၁၅ ခုနှစ် ရလဒ်ထက် ပိုမို ကောင်းမွန်သည့် ရလဒ်များ ပြသခဲ့သည်။ ထိုအောင်မြင်မှု များမှာ ၂၀၁၅ ခုနှစ်မှ (ချင်း၊ ကချင်နှင့် ကရင်ပြည်နယ်) တို့တွင် တိုင်းရင်းသားပါတီများ နှင့် USDP ပါတီတို့ အနေဖြင့် တိုင်းရင်းသားပါတီမဲမရရှိမှု သို့မဟုတ် (ကယား နှင့် မွန်ပြည်နယ်ရှိ) မဲအနည်းငယ်ရရှိမှုတို့အား လျစ်လျူရှု ခဲ့ခြင်းကြောင့် ဖြစ်သည်။ ရခိုင်ပြည်နယ်လွှတ်တော်တွင် တောင်ကုတ်နှင့် မာန်အောင်မြို့နယ်များ၌ ANP ပါတီမှ NLD ပါတီ ကို အနိုင်ရရှိခဲ့သည်။ သို့သော် UEC၏ မဲဖျက် သိမ်းမှုများကြောင့် ANP ပါတီအနိုင်ရရှိမှု ပမာဏမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်နှင့် ယှဉ်လျှင် အနည်း ငယ်နည်းခဲ့သည်။ ရှမ်းပြည်နယ်လွှတ်တော်တွင် SNLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်နေရာ ၂ နေရာအား ဖျက်သိမ်းမခံခဲ့ရပါက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကဲ့သို့ ရလဒ်နှင့် တူညီခဲ့လိမ့်မည်။ ဤကဲ့သို့ ကိုယ်စားလှယ် ၂ နေရာလျော့သွားသော်လည်း SNLD ပါတီမှာ ရွေး ကောက်ခံကိုယ်စားလှယ်များ လေးပုံတစ်ပုံ နီးပါးဖြင့် ဒုတိယအကြီးဆုံးပါတီအဖြစ် ရှမ်းပြည်နယ်တွင် ဆက် လက် တည်ရှိခဲ့သည်။

အသစ်ပေါင်းစည်းဖွဲ့စည်းခဲ့သော ပါတီများထဲမှ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP) နှင့် မွန် ညီညွတ်ရေးပါတီ (MUP) တို့သာလျှင် ပိုမိုကောင်းမွန် သောရလဒ်များကိုရရှိခဲ့သော်လည်းပြည်နယ်လွှတ်တော် အား ထိန်းချုပ်နိုင်ရန် ကိုယ်စားလှယ်အရေအတွက် မရရှိ ခဲ့ပေ။ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP) မှာကယားပြည်နယ်ကိုယ်စားပြု အနေဖြင့် ဥပဒေပြု လွှတ်တော်အဆင့်အသီးသီးတွင် (USDP ပါတီ နှင့် အလား တူ) နေရာ ၈ နေရာရရှိခဲ့သည်။ မွန်ညီညွတ်ရေးပါတီ (MUP) အနေဖြင့် ကရင်ပြည်နယ်ရှိ မွန်တိုင်းရင်းသား ရေးရာဝန်ကြီးနေရာအပါအဝင် လွှတ်တော်ကိုယ်စား လှယ် ၁၂ နေရာရရှိခဲ့သည်။ ၎င်းပါတီ နှစ်ဖွဲ့လုံး၏ခေါင်း ဆောင်များမှ ဤကဲ့သို့ "ပထမဦးဆုံး" အောင်မြင်မှုရလဒ် အတွက် ရပ်ရွာလူထု၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု ဖော်ပြခဲ့သည်။[၆၄] သို့သော် ဤရွေးကောက် ပွဲအနိုင်ရရှိမှုမှာ ပထမဆုံးသော ခြေလှမ်းသာဖြစ်သည်ကို ၎င်းတို့ သဘောပေါက်လက်ခံထားခဲ့သည်။ လာမည့် လွှတ်တော်ထဲတွင် ဆက်လက်လှုပ်ရှားလုပ်ကိုင်ရမည့် ခရီး ရှည်ကြီးတစ်ခု ဆက်လက်ရှိနေသည်။

ရွေးကောက်ပွဲရလဒ်များကို သုံးသပ်ရာတွင် ထည့် သွင်းစဉ်းစားရမည့် နောက်ဆုံးတစ်ချက်မှာ အထူးသဖြင့် တိုင်းရင်းသားပါတီငယ်များ အနေဖြင့် အနိုင်မရခြင်း အပေါ်လက်လျှော့ အရှုံးပေးခြင်းရှိမရှိ ပင်ဖြစ်သည်။ တိုင်းရင်းသားအခြေပြုနိုင်ငံရေးဖြစ်သော စနစ်တွင် တိုင်း ရင်းသားပါတီများအနေဖြင့် အနိုင်ရရန် အခွင့်အရေး နည်း သော်ငြားလည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မှာတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်ဝိသေသ အားအသိအမှတ်ပြုခြင်း ခံရရန် ထုတ်ဖော်ပြသခြင်းဖြစ် သည်။ များသောအားဖြင့် ဤသို့ဖြစ်ရခြင်းမှာ တိုင်းရင်း သားလူမျိုးအုပ်စုမှာ သေးငယ်ခြင်း (အရေအတွက် အား ဖြင့်နည်းပါးခြင်း)သို့မဟုတ် မြို့နယ်အနှံ့တွင်တကွဲတပြား နေထိုင်ရခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော် ရွေးကောက် ပွဲသည် နိုင်ငံရေးတောင်းဆိုမှုများအတွက် အခွင့်အလမ်း တစ်ခုပေးထားပြီး သို့တည်းမဟုတ် နိုင်ငံရေးအရ စကြီးမရှိ ဖြစ်လိမ့်မည်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ရရှိမှုအတွက် အကန့်အသတ်များရှိသော်လည်း လက်ရှိ ရွေးကောက်ပွဲစနစ်မှ တိုင်းရင်းသားပါတီများအား ဒေသ အဆင့်နှင့် အမျိုးသားအဆင့် အသိအမှတ်ပြုမှုများအတွက် ရပ်တည်ရန် အားပေးထားလျက်သည်။

ရာစုနှစ်တစ်ဝက်ကြာ စစ်တပ်အုပ်ချုပ်ပြီးနောက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ တိုင်းရင်းသားလူမျိုးနိုင်ငံ ရေးဝိသေသများကို ကွဲပြားသောနည်းလမ်းလေးမျိုးဖြစ် သည့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ တိုင်း ရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားပါတီများမှ အနိုင်ရရှိသော မဲဆန္ဒနယ်များတို့ဖြင့် ကိုယ်စားပြုခြင်း ခံရသည့် ထူးခြားရှုပ်ထွေးသော အခင်းအကျင်းတစ်ခု အားအသေးစိတ်သတ်မှတ်ခဲ့သည် (ဇယား ၄၊ ၅၊ ၆ တွင် ကြည့်ပါ)။ ထိုကိုယ်စားပြုမှုများအားလည်း ရှေ့နောက် မညီကွဲလွဲမှုများစွာဖြင့် သတ်မှတ်ခဲ့သော "တိုင်းရင်းသား လူမျိုး" အုပ်စုပေါင်း ၁၃၅ မျိုးပေါ် အခြေခံထားရေတွက် ထားသော အလွန်ရှုပ်ထွေးသည့် သန်းခေါင်စာရင်းမှ ပံ့ပိုး ပေးထားသည်။[၆၅] ဤကဲ့သို့သော နိုင်ငံရေးအခင်းအကျင်း

## ပုံစံကွက် ၄ – လာမည့်ပြည်နယ်လွှတ်တော်များဖွဲ့စည်းပုံ[၆၈]



တွင်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် မိမိ၏ နိုင်ငံရေးအခွင့်အရေးကို ထိန်းသိမ်းပြီး မိမိလူမျိုး ကိုယ်ပိုင်လက္ခဏာ မြှင့်တင်ခြင်းအဖြစ် မှတ်ယူနိုင်သည်။ဥပမာအနေဖြင့် တိုင်းလိုင် (ရှမ်းနီ) လူမျိုးအား လက်ရှိ နိုင်ငံရေးအခင်းအကျင်းတွင် အသိအမှတ်ပြုထားခြင်း မရှိပေ။ သို့သော် ရွေးကောက်ပွဲလမ်းကြောင်းနှင့် လက်နက်ကိုင်လှုပ်ရှားမှု နှစ်မျိုးလုံးဖြစ်သည့် တိုင်းလိုင် (ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) နှင့် ရှမ်းနီအမျိုးသားတပ်ဖွဲ့မှာ တိုင်းရင်းသားလူမျိုး နိုင်ငံရေးကိုယ်စားပြုမှုအတွက် လိုအပ်ချက်များကြောင့် လက်ရှိတွင် တွန်းအားပေးစည်းရုံးလှုံ့ဆော်လျက်ရှိသည်။[၅၆] ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ ဥပဒေပြုလွှတ်တော်များအတွက် တိုင်းလိုင် (ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) မှ ကိုယ်စားလှယ်လောင်း ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ တစ်ဦးမျှ အနိုင်မရရှိခဲ့သည့်အပြင် ၃၆ ဦး၏ အာမခံထားရှိသည့် ရန်ပုံငွေများဆုံးရှုံးခဲ့ရသည်။ သို့သော် တိုင်းလိုင် တက်ကြွလှုပ်ရှားသူများအတွက် ဤဖြစ်စဉ်ကို ၎င်းတို့၏ပန်းတိုင်ကိုမြှင့်တင်ရာတွင် နိုင်ငံရေးဆိုင်ရာချဉ်းကပ်မှု တစ်ခုအဖြစ် ဆက်လက်မှတ်ယူခဲ့ကြသည်။ ရွေးကောက်ပွဲ ပြီးနောက် တိုင်းလိုင် အမျိုးသားဖွံ့ဖြိုးရေးပါတီ (TNDP) မှ နိုင်ငံရေးဆက်လက်လှုပ်ရှားသွားမည့် ပါတီ၏ဆုံးဖြတ်ချက်အား ဖော်ပြသည့် သဘောထားထုတ်ပြန်ချက် တစ်စောင်အား ထုတ်ပြန်ခဲ့သည်။[၅၇]

ထိုနည်းတူစွာ အသစ်ဖွဲ့စည်းထားသော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အာခါတိုင်းရင်းသားရေးရာဝန်ကြီးရာထူးအား အနိုင်ရရှိခဲ့ချိန်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအထိ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိအာခါလူမျိုးများအနေဖြင့် အာခါစာပေ နှင့် ယဉ်ကျေးမှုအဖွဲ့အစည်းအားဖြင့်သာ ကိုယ်စားပြုခံခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် မဲရလဒ်များအရ ၎င်းနေရာကို NLD ပါတီထံသို့ ရှုံးနိမ့်ခဲ့သည် (ပုံစံကွက်–၆ တွင် ကြည့်ပါ)။ သို့သော် ထိုရာထူးနေရာအတွက် တိုင်းရင်းသား အခြေပြုပါတီတစ်ရပ်အဖြစ်သာမက ပြည်နယ်နှင့် အမျိုးသားဥပဒေပြုလွှတ်တော်များတွင် ပါဝင်မဲဆွယ်စည်းရုံးခွင့်ရခြင်းသည် မြန်မာ့နိုင်ငံရေးတွင် ဖော်ထုတ်ယှဉ်ပြိုင်ခြင်းဖြင့် အာခါလူမျိုးတို့၏ အခွင့်အရေးနှင့် ကိုယ်ပိုင်လက္ခဏာ ဆုံးရှုံးပျောက်ကွယ်မသွားစေရန် လုပ်ဆောင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း ခိုင်မာစွာပြောဆိုခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများ စသည့်ကိစ္စရပ်တို့တွင် အထူးသဖြင့် မြို့နယ်တစ်ခုတည်းတွင် လူဦးရေစုစည်းနေထိုင်သည့်တိုင်းရင်းသားလူမျိုး ပါတီငယ်များအနေဖြင့် ပိုမိုအနိုင်ရနိုင်ဖွယ်ရှိသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် တိုင်းရင်းသားလူမျိုး နိုင်ငံရေးကိုယ်စားပြုမှုပုံစံအသစ်အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခု ကို စတင်ထားရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD နှင့် USDP ပါတီ နှစ်ခုလုံးအား ယှဉ်ပြိုင်ရသော်လည်း တိုင်းရင်းသားပါတီများမှ ပအိုဝ်း၊ တအာင်းနှင့် ဝ ဒေသများ၌ တစ်ဖန်အခြေအနေကောင်းမွန်ခဲ့သည် (ဇယား ၅ တွင်ကြည့်ပါ)။

## ပုံစံကွက် ၅ – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းမှ ရလဒ်များ[၅၈]

| | |
|---|---|
| ဓနု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – ၃ နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ– ၁ နေရာ |
| ကိုးကန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ – ၄ နေရာ |
| ပအိုဝ် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်– ၆ နေရာ |
| တအာင်း | တအာင်း (ပလောင်)အမျိုးသားပါတီ– ၄ နေရာ |
| ဝ | ဝ အမျိုးသားပါတီ – ၁ နေရာ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ – ၁ နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ – ၁ နေရာ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် – ၁ နေရာ (၈ နေရာ ဖျက်သိမ်းခံရ) |
| နာဂ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် – ၅ နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ – ၁ နေရာ |

ဗမာတိုင်းရင်းသားလူမျိုးများအတွက် အပါအဝင် တိုင်းရင်းသားရေးရာဝန်ကြီး နေရာများအတွက် ရွေးကောက်ပွဲတွင် အလားတူပြိုင်ဆိုင်မှုများရှိခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ အရ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသတစ်ခုချင်းစီတွင် လူဦးရေ ၅၁,၄၅၀,၀၅၀ ထက်ပိုပါက ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားပြုရေးရာ ဝန်ကြီးတစ်ဦး ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိသည်။

သိုသော် ဤနိုင်ငံရေးအခွင့်အရေးသည် အခြေအနေတစ်ခုအပေါ် မူတည်သည်။ ၎င်းမှာ ထိုတိုင်းဒေသ (သို့) ပြည်နယ်တွင် နေထိုင်သော အဓိကလူမျိုးစုအုပ်စု မဖြစ်ရပါ (သို့မဟုတ်) ထိုတိုင်းဒေသ (သို့) ပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိနှင့်နေပြီးသား မဖြစ်ရပါ။ ထို့ပြင် ထိုကိုယ်စားလှယ် နေရာများအတွက် မဲပေးခွင့်ရှိသူများမှာ ၎င်းတိုင်းရင်းသားအုပ်စုမှဖြစ်ရမည် ဖြစ်သော်လည်း ကိုယ်စားလှယ်လောင်းများမှာ ထိုတိုင်းရင်းသားလူမျိုးစုမှဖြစ်ရန် မလိုအပ်ပေ။ ထိုအချက်၏သဘောတရားမှာ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့အား ကိုယ်စားပြုရန် မည်သည့်ကိုယ်စားလှယ်လောင်းကိုမဆို ရွေးချယ်တင်မြှောက်ပိုင်ခွင့် ရှိသည်။[၅၁]

ထိုကဲ့သို့ရာထူးနေရာများအား စတင်မိတ်ဆက်ခဲ့သည့် ဆယ်စုနှစ်အတောအတွင်း အကန့်အသတ်များရှိလင့်ကစား တိုင်းရင်းသားရေးရာ ဝန်ကြီးရာထူးမှာ နိုင်ငံရေးအရ အာရုံစိုက်ခြင်းခံခဲ့ရသည်။ ဥပဒေပြု တာဝန်များအပြင် ရွေးကောက်ခံကိုယ်စားလှယ်များမှာ ၎င်းတို့သက်ဆိုင်ရာလူနည်းစု အသိုက်အဝန်းများ၏ ကိစ္စရပ်များအတွက် ပြည်နယ် (သို့) တိုင်းဒေသကြီး အစိုးရတွင် ရာထူးအရ ဝန်ကြီးများအဖြစ် အလိုအလျောက် ခန့်အပ်ခြင်းခံရသည်။ ၂၀၁၀ ပြည့်နှစ်တွင်ထိုကဲ့သို့ကိုယ်စားလှယ်လောင်းနေရာ ၂၉ နေရာရှိခဲ့ပြီး တိုင်းရင်းသားလူမျိုးလူဦးရေ အရေအတွက် နောက်ဆုံးရ အချက်အလက်များ မရှိခဲ့သဖြင့် ၂၀၁၅ နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် အလားတူ ကိုယ်စားလှယ် ၂၉ နေရာ ထားရှိရန်ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ခဲ့သည်။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာ တစ်နေရာအတွက် သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီသော ထပ်တိုး တိုင်းရင်းသား လူမျိုးအုပ်စုများမှ တင်ပြတောင်းဆိုမှုများ ရှိခဲ့သည်။[၅၂] ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီအနေဖြင့် ကိုယ်စားလှယ် ၂၉ နေရာအနက် ယခင် ၂၁ နေရာမှ ၂၂ နေရာအထိ ထပ်တိုးအနိုင်ရရှိခဲ့သည် (ပုံစံကွက် ၆ တွင် ကြည့်ပါ)။

### ပုံစံကွက် ၆ – တိုင်းရင်းသားရေးရာ ဝန်ကြီးနေရာများ

| | | |
|---|---|---|
| | **ဧရာဝတီတိုင်း** | |
| ၁ | ကရင် | NLD |
| ၂ | ရခိုင် | NLD |
| | ပဲခူးတိုင်း | |
| ၃ | ကရင် | NLD |
| | **ကချင်ပြည်နယ်** | |
| ၄ | ဗမာ | NLD |
| ၅ | ရှမ်း | NLD |
| ၆ | လီဆူး | LisuNDP |
| ၇ | ရဝမ် | NLD |
| | **ကယားပြည်နယ်** | |
| ၈ | ဗမာ | NLD |
| | **ကရင်ပြည်နယ်** | |
| ၉ | ဗမာ | NLD |
| ၁၀ | မွန် | MUP |
| ၁၁ | ပအိုဝ် | NLD |
| | **မကွေးတိုင်း** | |
| ၁၂ | ချင်း | NLD |
| | **မန္တလေးတိုင်း** | |
| ၁၃ | ရှမ်း | NLD |
| | **မွန်ပြည်နယ်** | |
| ၁၄ | ဗမာ | NLD |
| ၁၅ | ကရင် | NLD |
| ၁၆ | ပအိုဝ် | NLD |
| | **ရခိုင်ပြည်နယ်** | |
| ၁၇ | ချင်း | NLD |
| | **စစ်ကိုင်းတိုင်း** | |
| ၁၈ | ရှမ်း | NLD |
| ၁၉ | ချင်း | NLD |

| | | |
|---|---|---|
| | **ရှမ်းပြည်နယ်** | |
| ၂၀ | ဗမာ | NLD |
| ၂၁ | ကချင် | တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် |
| ၂၂ | လီဆူး | NLD |
| ၂၃ | လားဟူ | LahuNDP |
| ၂၄ | အင်းသား | NLD |
| ၂၅ | အာခါ | NLD |
| ၂၆ | ကယန်း | KayanNP |
| | **တနင်္သာရီတိုင်း** | |
| ၂၇ | ကရင် | NLD |
| | **ရန်ကုန်တိုင်း** | |
| ၂၈ | ကရင် | NLD |
| ၂၉ | ရခိုင် | တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် |

## အဘယ့်ကြောင့် တိုင်းရင်းသားပါတီများ ပိုမို ကောင်းမွန်စွာ မလုပ်ဆောင်နိုင်ခဲ့သလဲ။

ရွေးကောက်ပွဲပြီးနောက် တိုင်းရင်းသားပါတီ အများစုအနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ လုပ်ဆောင်ချက်များထက် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသည်ကို သုံးသပ်ခြင်းများနှင့် အချို့သော စွပ်စွဲပြောဆိုချက်တို့မှ ထောက်ပြခဲ့သည်။[၃၃] ပါတီများမှ အကြောင်းပြချက် အမျိုးမျိုးအား ထောက်ပြခဲ့ပြီး ထို အကြောင်းအရင်းများကို စုပေါင်းလိုက်ချိန်တွင် စိတ်ပျက်ဖွယ်ရလဒ်အတွက် ရှင်းပြချက်ထွက်ရှိခဲ့သည်။ ထည့်သွင်းစဉ်းစားသည့် အဓိကအချက်များမှာ –

- **အမျိုးသားနိုင်ငံရေးပါတီ လွှမ်းမိုးမှုနှင့် "အနိုင်ရသူအကုန်ယူစနစ်"**

မြန်မာပြည်တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲများ အားလုံးတွင် တိုင်းရင်းသားလူမျိုးများ အကြား ဗမာလူမျိုးအများစုမှာ အပြတ်အသတ်အနိုင်ရရန်သေချာပေသည်။ ဤသို့ဖြစ်ရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကြောင်းပြချက် ၂ ခုရှိသည်။ "အနိုင်ရသူအကုန်ယူ" ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ် ဖွဲ့စည်းပုံတို့ကြောင့်ဖြစ်သည်။ မဲဆန္ဒနယ်ဖွဲ့စည်းပုံမှာ မြို့နယ်များပေါ်တွင်အခြေခံပြီး အမျိုးသားလွှတ်တော်ရှိ ကိုယ်စားလှယ်နေရာ ၆၀ ရာခိုင်နှုန်းနီးပါးမှာ ဗမာလူမျိုးအများစုနေထိုင်သော မြို့နယ်များတွင်ဖြစ်သည်။ ထို့ကြောင့် ဒေသတွင်း မဲပေးသူများမှာ "မဲပေးခြင်းနည်းဗျူဟာ" ကို ကျင့်သုံးကြပြီး ပင်မအမျိုးသားပါတီများထဲမှ တစ်ခုကို မဲပေးကြသည်။ လတ်တလောဖြစ်ရပ်များတွင် ပါတီငယ်သို့မဟုတ် ဒေသအခြေပြုပါတီများအနေဖြင့် မဲရှုံးနိုင်ခြေများသဖြင့် NLD သို့မဟုတ် USDP ပါတီတို့ကိုသာမဲပေးခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် လည်းဤကဲ့သိုပုံစံပင် ထပ်မံဖြစ်ပွားခဲ့သည်။ လွတ်လပ်ရေးရချိန်မှစ၍ တိုင်းရင်းသားလူမျိုး အခြေပြုပါတီများမှာမည်သည့် ရွေးကောက်ပွဲတွင်မျှ အမျိုးသားဥပဒေပြုလွှတ်တော်၌ ကိုယ်စားလှယ်နေရာ ၁၅ ရာခိုင်နှုန်းထိ အနိုင်မရရှိခဲ့ဖူးပေ။[၃၄]

- **ကိုဗစ်–၁၉ ကပ်ရောဂါ ကြောင့် တာဝန်ထမ်းဆောင်ဆဲ NLD ပါတီ အား ပိုမို အရေးသာစေခြင်း**

ယေဘုယျအားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ တာဝန်ထမ်းရွက်ဆဲ အစိုးရများမှာ ရွေးကောက်ပွဲများတွင် တစ်ပန်းသာ၍ ပိုမိုအခွင့်အလမ်းများ ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ သို့သော် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် လွှတ်တော်ကြားဖြတ်ရွေးကောက်ပွဲများအတွင်း NLD ပါတီအား ထောက်ခံမှုများကျဆင်းခဲ့ပြီး တိုင်းရင်းသားလူမျိုးပါတီများမှာ အခြေအနေကောင်းမွန်ခဲ့သည်။ ဤသည်မှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တမျိုးတဖုံ ပြောင်းလဲလိမ့်မည်ဆိုသည့် မျှော်လင့်ချက်များကို ဖြစ်စေခဲ့သည်။ သို့သော် ကိုဗစ်–၁၉ ကပ်ရောဂါ ပေါ်ပေါက်လာခြင်းမှာ နိုင်ငံရေး အခင်းအကျင်းကို ပြောင်းလဲသွားစေခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အစိုးရအတွက် အားသာမှုများ ဖြစ်ပေါ်ခဲ့သည့် ခြွင်းချက်အခြေအနေများ အောက်တွင် ရှေ့ဆက်ခဲ့ရသည်။

ကပ်ရောဂါဖြစ်ပွားချိန်မှာ အချိန်ကိုက်ဖြစ်ခဲ့သည်။ မဲဆွယ်စည်းရုံးကာလ အစဖြစ်သော စက်တင်ဘာလ အစောပိုင်းတွင် ကိုဗစ်-၁၉ကပ်ရောဂါ ကူးစက်မှုနှုန်းမြင့်မားနေသဖြင့် အစိုးရမှ ခရီးသွားလာခွင့်နှင့် လူစုလူဝေး ပြုလုပ်ခြင်းများကို ကန့်သတ်ခဲ့ပြီး နိုင်ငံရေးလှုပ်ရှားမှုများအပေါ် အကြီးအကျယ်သက်ရောက်မှုများ ရှိခဲ့သည်။ အစကနဦးမှ အပြင်မထွက်ရ စည်းကမ်းချမှတ်ခြင်းမှာ NLD ပါတီအတွက် ပုံမှန်ထက်ပို၍ အရေးသာမှုရရှိခဲ့သည်ဟု အတိုက်အခံပါတီများမှ ထောက်ပြပြောဆိုခဲ့သည်။ NLD ပါတီအပေါ် ဝေဖန်ချက်များတွင်- NLD ခေါင်းဆောင်များမှ အစိုးရအလုပ်တာဝန်များ ထမ်းဆောင်မှုအပေါ် သိသိသာသာဖော်ပြခြင်း၊ ချို့တဲ့သော မိသားစုများအား သက်သာချောင်ချိရေး ရန်ပုံငွေများပေးအပ်ရာတွင် NLD အရာရှိများအတွက် လူထုအာရုံစိုက်မှုဖြစ်စေခြင်း၊ အစိုးရသတင်းအပါအဝင်လူမှုကွန်ရက်၊ တီဗွီ၊ ရေဒီယို စသောမီဒီယာများအားလုံးတွင် NLD ပါတီအား လူသိများစေရန် ဖော်ပြခြင်းနှင့် NLD ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့ကို ထောက်ခံအားပေးသူများမှာ ပြည်သူ့ကျန်းမာရေးအတွက် ချမှတ်ထားသောကန့်သတ်ချက်များကို ဂရုမပြုဘဲ ပါတီငယ် သို့မဟုတ် တိုင်းရင်းသားလူမျိုးပါတီများထက် မဲဆွယ်စည်းရုံးရေးများကို အရေးယူမခံရဘဲ လုပ်ဆောင်နိုင်သည့် သဘောသက်ရောက်ခြင်းတို့ပါဝင်ခဲ့သည်။

သက်တမ်းရင့်ပါတီများ အထူးသဖြင့် ANPနှင့် SNLD တို့မှာ ထိုကဲ့သို့ပြဿနာများအား ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပေ။ သို့သော် အသစ်ပေါင်းစည်းဖွဲ့စည်းထားသောပါတီများ၏ ခေါင်းဆောင်များမှ ကိုဗစ်-၁၉ ကပ်ရောဂါအတွက်ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများမှာ ၎င်းတို့ပါတီ၏ မူဝါဒများနှင့် ပါတီအကြောင်းအား ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတိုင်အောင် သေချာစွာ မသိသေးသောမဲဆန္ဒရှင်များအား ပါတီအကြောင်း မိတ်ဆက်နိုင်ရန်ဝေးလံခေါင်ပါးသောဒေသများသို့သွားရောက်ခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်ရန် တားမြစ်လိုက်သကဲ့သို့ ဖြစ်ခဲ့သည်ဟု ပြောဆိုခဲ့သည်။[55] တိုင်းရင်းသားပါတီများပေါ်တွင် အယောက် ၃၀ ထပ်ပို၍ အစည်းအဝေးများလုပ်ဆောင်ခြင်းကို ကန့်သတ်ထားစဉ်တွင် အဓိက အမျိုးသားပါတီများဖြစ်သော NLD နှင့် USDP ပါတီတို့မှာ ထောင်နှင့်ချီသော လူထုစုဝေးပွဲများကို နိုင်ငံအနှံ့အပြားတွင်ပြုလုပ်ခဲ့ကြသည်ဟုလည်း ထောက်ပြပြောဆိုခဲ့ကြသည်။[56] ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး တစ်လျှောက်တွင် NLD အမှုဆောင်များမှ တိုင်းနှင့်ပြည်နယ် အသီးသီးရှိကိုယ်စားလှယ်နေရာ အားလုံးကို တတ်နိုင်သလောက် အနိုင်ရရှိရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ခဲ့သည်။ တိုင်းရင်းသားလူမျိုးအရေး လှုပ်ရှားမှုများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မျှတမှုမရှိသော ပြိုင်ပွဲတစ်ခုအဖြစ် ခံစားခဲ့ရသည်။

## • တပ်မတော် တပ်ဖြန့်ကျက်ထားမှုများနှင့် မညီမျှသည့် အချိုးကျ လွှတ်တော် ကိုယ်စားလှယ်များ ခန့်အပ်မှုထားရှိခြင်းကြောင့် ပိုဆိုးဝါးခဲ့ခြင်း

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့ပင် USDP ပါတီသည် ၎င်းတို့၏ကိုယ်စားလှယ်နေရာ အများစုကိုတိုင်းရင်းသားလူမျိုး နယ်မြေများတွင် အနိုင်ရရှိခဲ့သည်။ ထိုနယ်မြေများမှာ တပ်မတော် တပ်ဖွဲ့များနှင့် ၎င်းတို့၏ ဒေသခံမဟာမိတ်များ စုစည်းတည်ရှိပြီး အများစုမှာ ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများ (သို့မဟုတ်) အပစ်အခတ်ရပ်စဲထားသော ဒေသများဖြစ်သည်။ နှိုင်းယှဉ်ကြည့်လျှင် တိုင်းရင်းသား ဗမာလူမျိုးများအကြား မြန်မာနိုင်ငံအလယ်ပိုင်းတွင် NLD ပါတီအား မဲပေးသူများပြားပြီး USDP ပါတီကိုယ်စားပြုမှုများမှာ ပြိုလဲခဲ့သည်။ သို့သော် တပ်မတော်နှင့် USDP ခေါင်းဆောင်များ အတူတကွ ဆက်စပ်လုပ်ဆောင်မှုများ ဆက်လက်ရှိနေသောတိုင်းရင်းသား ပြည်နယ်များတွင် USDP ပါတီ၏ အခြေအနေမှာ ကောင်းမွန်ခဲ့သည်။ ထိုကဲ့သို့ပူးပေါင်းဆောင်ရွက်မှု မရှိပါက နေပြည်တော်ရှိ အမျိုးသားဥပဒေပြုလွှတ်တော်တွင် USDP ပါတီ၏တည်ရှိမှုမှာ အနိမ့်ဆုံးဖြစ်လိမ့်မည် ဖြစ်သည်။[57]

၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲများကဲ့သို့ တပ်မတော်အရာရှိများမှာ ရွေးကောက်ပွဲမတိုင်မီ တပ်သားအရေအတွက်များကို အလှည့်အပြောင်း လုပ်ကာ USDP ပါတီအား ကူညီပံ့ပိုးသောအားဖြင့် သတ်မှတ်ထားသောကိုယ်စားလှယ်နေရာများအတွက် မဲရရှိရန် ကြိုးစားခဲ့ကြောင်း တိုင်းရင်းသားပါတီများမှ ၎င်းတို့၏ သံသယရှိမှုများကို တင်ပြခဲ့သည်။ တပ်သားများအရေအတွက်မှာ အရပ်သား မဲဆန္ဒရှင်များ (သို့မဟုတ်) အနိုင်ရရှိနိုင်သည့်

စုစုပေါင်းပမာဏများနှင့် နိုင်းယှဉ်လျှင် နည်းပါးသော နေရာများတွင် ထိုကဲ့သို့ တပ်များဖြန့်ထားမှုသည် နိုင်ငံတွင်းကိုယ်စားလှယ်နေရာအများစုရရှိမှုရလဒ်များအပေါ် သက်ရောက်မှုလိမ့်မည် မဟုတ်ပေ။ သို့သော် မြန်မာပြည်တွင်မဲဆန္ဒရှင် အရေအတွက် ပမာဏမှာ သိသိသာသာ ကွဲပြားနိုင်သည်။ အချိုးကျ လွှတ်တော်ကိုယ်စားလှယ်များခန့်အပ်ခြင်း ဟုခေါ်သောစနစ်အဖြစ် လူသိများပြီး အချို့သော ကိုယ်စားလှယ်နေရာများအတွက် မဲဆန္ဒရှင် အရေအတွက်မှာ အလွန်နည်းပါးမှု ရှိနိုင်သည်ဟုဆိုလိုခြင်းဖြစ်သည်။ ဤကဲ့သို့ဖြစ်ရပ်များမှာ အထူးသဖြင့် တိုင်းရင်းသား ပြည်နယ်များတွင်ဖြစ်သည်။

ပြန်လည်နေရာချထားခံရသော စစ်ပြန်များအပါအဝင် တပ်မတော်အဖွဲ့ဝင်များနှင့် တပ်ထောက်ခံသူများ၏မဲများအရေအတွက်သည် အချိုးကျထားရှိသည့်မဲဆန္ဒနယ်များ သို့မဟုတ် မဲအရေအတွက်နည်းသော နေရာများတွင် အနိုင်ရကိုယ်စားလှယ်များအား ဆုံးဖြတ်ရာတွင်အရေးပါသော အချက်တစ်ချက်ဖြစ်ခဲ့သည်။ ဥပမာ USDP ပါတီသည် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၏ အောက်လွှတ်တော် ကိုယ်စားလှယ်နေရာကို (၈၇၆) မဲဖြင့်အနိုင်ရရှိခဲ့ပြီး တာဝန်ထမ်းဆောင်ဆဲ NLD ပါတီ (၇၁၆ မဲ) နှင့် ကချင်ပြည်နယ်ပြည်သူ့ပါတီ (၇၈၇ မဲ) တို့အား ၈၉ မဲဖြင့်သာ အနိုင်ရရှိခဲ့မှုအပေါ် ရွေးကောက်ပွဲမတိုင်မီ တပ်သားအရေအတွက် မြင့်တင်ပြောင်းလဲခဲ့ခြင်းကြောင့် ဟုစွပ်စွဲမှုများ ရှိခဲ့သည်။[၅၈] ထိုနည်းတူစွာ ကချင်ပြည်နယ်ရှိ တနိုင်းနှင့် အင်ဂျန်းယန်မဲဆန္ဒနယ်များသာမက ကယားပြည်နယ်ရှိဘော်လခဲတွင်လည်းအလားတူ စွပ်စွဲပြောဆိုမှုများဖြစ်ခဲ့သည်။[၅၉] ရွေးကောက်ပွဲစည်းမျဉ်းအရစစ်တပ်မှဆန္ဒမဲပေးသူများသည် အရပ်သားများနည်းတူ မိမိနေထိုင်ရာဒေသတွင် ရက် ၉၀ နေထိုင်ရန် လိုအပ်သည်။ သို့သော် လက်တွေ့တွင် မဲပေးခွင့်ရှိသော စစ်သားအရေအတွက် စာရင်းဖြည့်သွင်းခြင်းကို အရပ်သားအာဏာပိုင်များမှ ပြုလုပ်ခွင့်မရသောကြောင့် ရက် ၉၀ ပြည့်/မပြည့် ဆုံးဖြတ်ရာတွင် တပ်မတော်ပေါ်တွင်သာ မူတည်လျက်ရှိသည်ဆိုသည့် အချက်မှာလည်း ထည့်သွင်းစဉ်းစားရပေမည်။

ဆက်လက်၍ USDP ပါတီအနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ကိုယ်စားလှယ်နေရာ အများစု အနိုင်ရရှိခဲ့သော နေရာများမှာ တပ်မတော်ကျောထောက်နောက်ခံပြုထားသည့် "ပြည်သူ့စစ်" များရှိသည့်နေရာများတွင်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှစ၍ ပြည်သူ့စစ်မှာ USDP ပါတီအတွက် ပံ့ပိုးပေးခဲ့ပြီး စစ်တပ်ကျောထောက်နောက်ခံ ပြုထားသော ပါတီ၏ကိုယ်စားလှယ်လောင်းများအဖြစ်ပင် အချို့ခေါင်းဆောင်များမှာ ပါဝင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် အထူးသဖြင့် ရှမ်းပြည်နယ်တွင် သက်ရောက်မှုရှိခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ အောက်လွှတ်တော် ၁၅ နေရာနှင့် ပြည်နယ်လွှတ်တော်တွင် ၂၄ နေရာအား ဒေသခံပြည်သူ့စစ် ထိန်းချုပ်ထားသော မြို့နယ်များတွင် USDP ပါတီမှအနိုင်ရခဲ့ကြောင်း ခန့်မှန်းခဲ့သည်။[၆၀]

ရလဒ်များမှာ ပဋိပက္ခအခြေအနေတစ်ရပ်ကို ဖော်ပြလျက်ရှိသည်။ နေပြည်တော်မှလွဲ၍ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် USDP ပါတီမှ တပ်မတော်တပ်များ တည်ရှိသော ကချင်၊ ကယား၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် အနိုင်ရရှိခဲ့သည်။ ၎င်းနေရာများမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောထားစာချုပ်သို့ရှိုင်းမှုများ ငါးနှစ်ကြာ ပြုလုပ်ခဲ့သော်လည်း အတိုက်အခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံဖြင့် ပဋိပက္ခများ (သို့မဟုတ်) အပစ်အခတ်ရပ်စဲခြင်းများအဆင့်တွင်သာ ဆက်လက်တည်ရှိနေသေးသည်။ တစ်ဖက်တွင် မြန်မာနိုင်ငံအချက်အချာ ကျသော နေရာများ၌ USDP ပါတီမှာ အရှုံးနှင့်ရင်ဆိုင်နေရပြီး ရွေးကောက်ခံပါတီတစ်ရပ် အနေဖြင့် ရပ်တည်ရန် စိန်ခေါ်မှုများမှာရှိနေသည်။

## • ဗမာလူမျိုးများတိုင်းရင်းသားဒေသများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် မှတ်ပုံတင်စည်းမျဉ်းစည်းကမ်း ပြောင်းလဲမှုကြောင့် ပိုမိုဆိုးဝါးခဲ့ခြင်း

ရွေးကောက်ပွဲမတိုင်မီ အထူးသဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ်များတွင် ဗမာလူမျိုးလူဦးရေအများစုမှ နိုင်ငံတွင်းပြောင်းရွှေ့နေထိုင်မှုများ အလားတူ အချို့ဖြစ်ရပ်များတွင် အခြားတိုင်းရင်းသားလူမျိုးစုအုပ်စုများမှ နိုင်ငံတွင်း အနှံ့အပြားပြောင်းလဲနေထိုင်မှုများ မြင့်တက်လာခြင်းသည် NLD ပါတီအား အသာရစေမည့် လူဦးရေ အရေအတွက် ရေယှက်ပြောင်းလဲမှုများ ဖြစ်

စေကြောင်း တိုင်းရင်းသားလူမျိုးအရေးလှုပ်ရှားမှု အချို့မှ သတိပေးခဲ့သည်။[၆၁] ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်မှ စ၍ လွန်ခဲ့သောဆယ်စုနှစ်၌ နိုင်ငံတွင်း အကြီးမားဆုံးသောလူဦးရေ ရွှေ့ပြောင်းနေထိုင်မှုများအား တွေ့ရှိခဲ့ရသည်။ လူဦးရေအပြောင်းအလဲများမှာ ကချင်ပြည်နယ်ရှိ မြစ်ကြီးနား နှင့်ဖားကန့် သို့မဟုတ် ကရင်ပြည်နယ်ရှိ မြဝတီမြို့ကဲ့သို့သော တိုင်းရင်းသားလူမျိုးဒေသအများအပြားတွင် သိသာပေါ်လွင် လျက်ရှိသည်။[၆၂]

ဤကဲ့သို့ဖြစ်ရပ်များကြောင့် ရွှေ့ပြောင်းနေထိုင်သူသည် ထိုမဲဆန္ဒနယ်တွင်မဲပေးနိုင်ခွင့်ရှိရန် နေထိုင်သည့် ကာလကိုပြောင်းလဲလျှော့ချသည့် ရွေးကောက်ပွဲနည်းဥပဒေများအား လတ်တလော ပြင်ဆင်ခြင်းများသည် NLD ပါတီအတွက် အလေးသာစေကြောင်း တိုင်းရင်းသားပါတီများမှ ယုံကြည်သည်။ တိုင်းရင်းသားပါတီများမှ ကန့်ကွက်မှုများရှိနေသော်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူသည် မဲဆန္ဒနယ်တွင်နေထိုင်ရန် လိုအပ်သည့်ရက်အရေအတွက်ကို ရက် ၁၈၀ မှ ရက် ၉၀ သို့ လျှော့ချခဲ့သည်။[၆၃]

တိကျသေချာသော အချက်အလက်များမရှိဘဲ ပြောကြားချက်များကို သုံးသပ်ရန်မှာ ခက်ခဲလှပေသည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် မည်သို့မဲပေးကြမည်ကို သိရှိရန် မဖြစ်နိုင်သော်လည်း နိုင်ငံတွင်း အပြောင်းအရွှေ့များသာမက နိုင်ငံပြင်ပအိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်နေသူများ ကိစ္စရပ်များမှာ အရေးကြီးသောအချက်များ ဖြစ်သည်။ လူဦးရေ ၄ သန်းထက်ပိုသော မြန်မာနိုင်ငံသားတို့မှာ နိုင်ငံခြားတွင်နေထိုင်လျက်ရှိကြောင်း ခန့်မှန်းခဲ့ပြီး ဩဂုတ်လ မဲစာရင်း ပိတ်ချိန်တွင် ၁၀၉,၄၇၀ ဦးသာ မဲပေးရန် လိုအပ်သောအချက်အလက်များ တင်ပြခဲ့သည်။[၆၄] ဒုက္ခသည်များနှင့် နေရပ်တိမ်းရှောင်ရသူများ သာမက ရွှေ့ပြောင်းအလုပ်သမားများ အများအပြားမှာ မဲပေးခွင့်များ ပိတ်ခံရဖွယ်ရှိသည့် မဲဆန္ဒနယ်များရှိဗမာမဟုတ်သောနောက်ခံအသိုင်းအဝိုင်းများမှ ဖြစ်သည်။[၆၅] သေချာသည်မှာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအား တိုင်းရင်းသား ပြည်နယ်များနှင့်တိုင်းဒေသများ အများစုတွင် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာမသေချာမှုများနှင့် တစ်ခါတစ်ရံ မတည်ငြိမ်မှုများရှိသော အခြေအနေများတွင် ရှေ့ဆက်လုပ်ဆောင်ခဲ့ပေသည်။

## • အရင်းအမြစ်နည်းပါးခြင်းနှင့် တိုင်းရင်းသားပါတီများအား ဆန့်ကျင်ပြောဆိုသည့် မဲဆွယ်စည်းရုံးမှုများ

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအတွင်း တိုင်းရင်းသားပါတီများအနေဖြင့် အများဆုံးထုတ်ဖော်ပြောကြားသည့်ကိစ္စမှာ ပင်မအမျိုးသားပါတီကြီးများ အထူးသဖြင့် NLD နှင့် USD တို့မှ ငွေကြေး၊ အရင်းအမြစ်နှင့် မဲဆွယ်စည်းရုံးရေးအရ အားကောင်းပြီး ၎င်းတို့၏ လွှမ်းမိုးခြင်းခံခဲ့ရသည်။[၆၆] ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘဏ္ဍာရေးဆိုင်ရာ ကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့ပြီး NLD ပါတီမှာလည်း ဒီဂျစ်တယ် နည်းပညာဖြင့် မဲဆွယ်စည်းရုံးရေးတို့ကိုအွန်လိုင်းမှတဆင့်ကျယ်ပြန့်စွာ အသုံးပြုနိုင်ခဲ့သည်။ ထိုဝေဖန်မှုများအပြင် တိုင်းရင်းသားလူမျိုးအရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍သတင်းအမှားများနှင့် ဝါဒဖြန့်မှုများကြောင့် တိုင်းရင်းသားပါတီများအတွက် နစ်နာမှုများရှိခဲ့သည်။

NLD နှင့် USDP ပါတီ ကိုယ်စားလှယ်လောင်းများမှာတိုင်းရင်းသားလူမျိုး ဒေသများတွင် ရပ်ရွာတိုးတက်ရေးအတွက် ကတိများပေးကာ မဲဆွယ်ခဲ့ကြသည်။ တစ်ပြိုင်နက်တည်းတွင် NLD နှင့် USDP ပါတီ ပြောရေးဆိုခွင့်ရှိသူများမှ အကြောင်းပြချက် နှစ်ချက်ဖြင့် အတိုက်အခံ တိုင်းရင်းသားပါတီများအား နှိမ့်ပါး ပြောဆိုခဲ့သည်ဟု တိုင်းရင်းသားပါတီများမှ ဝေဖန်ခဲ့သည်။ ထိုအချက်များမှာ တိုင်းရင်းသားပါတီများ အနေဖြင့် အမျိုးသားပါတီကြီးများကဲ့သို့ဖွံ့ဖြိုးရေးနှင့်ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်းနှင့် တိုင်းရင်းသားပါတီများအနေဖြင့် အနိုင်ရရှိလိမ့်မည်မဟုတ်သောကြောင့် ၎င်းတို့အား ပေးမည့်မဲမှာ အလဟဿ ဆုံးရှုံးမှုသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။ NLD မှလည်း ထပ်မံထောက်ပြပြောဆိုမှုနှစ်ချက်အားတင်ပြခဲ့ပြီးပထမအချက်မှာ တိုင်းရင်းသားပါတီများ၏ အနိုင်ရရှိမှုမှာ တပ်မတော်အာဏာချဲ့မှုများကို ဦးတည်ဖြစ်လာစေနိုင်ကာ အထူးသဖြင့် ပဋိပက္ခသက်ရောက်များရှိသော ဒေသများတွင် အဓမ္မပေါ်တာဆွဲခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ တစ်ဖန်ဖြစ်ပေါ်လာနိုင်ပါသည်။ ဒုတိယအချက်မှာ အပြန်အလှန်အနေဖြင့် တိုင်းရင်းသားပါတီများသည် USDP ပါတီ၏ ကိုယ်စားလှယ်ပါတီများဟု စွပ်စွဲပြောဆိုချက်များရှိခဲ့သည်။[၆၇] ဤကဲ့သို့ အစီရင်ခံစာ

များမှာ နိုင်ငံအနှံ့အပြားတွင် ဆက်တိုက်ထွက်ပေါ်လာမှုများကြောင့် NLD ပါတီအား စောင့်ကြည့်လေ့လာသူများမှ ယခုရွေးကောက်ပွဲဗျူဟာများမှာ ကြိုတင်ပြင်ဆင်မှုများရှိခဲ့သည်ဟု ယုံကြည်လျက်ရှိသည်။

ဤကဲ့သို့သော စွပ်စွဲချက်များနှင့် အနှုတ်သဘောဆောင်သော မဲဆွယ်စည်းရုံးမှုများကြောင့် တိုင်းရင်းသားလူမျိုးအရေး လှုပ်ရှားမှုများ၏ ခေါင်းဆောင်များမှာအလွန်ထိခိုက်ခဲ့ရသည်။ တိုင်းရင်းသားပါတီများသည် NLD ပါတီနှင့် နှစ်ရှည်လများ ပူးပေါင်းကာ စစ်တပ်အုပ်ချုပ်ရေးကို ဆန့်ကျင်ခဲ့ကြသည်။[၆၈] အရပ်သားအမည်ခံ ဒီမိုကရေစီကာလသစ်တွင် အထွေထွေရွေးကောက်ပွဲသည် အနိုင်ရရှိခြင်းကိုသာ ဦးစားပေးပြီး ပြုပြင်ပြောင်းလဲမှုအတွက် ပါတီစုံလက်တွဲပူးပေါင်းမှုအား တည်ဆောက်ခြင်း သို့မဟုတ် အများသဘော ဆန္ဒအတိုင်း လုပ်ဆောင်ခြင်းမဟုတ်ပေ။

## • ဒေါ်အောင်ဆန်းစုကြည်၏ ထင်ပေါ်ကျော်ကြားမှုနှင့် စစ်အစိုးရအား အပြီးသတ်လိုမှုစိတ်ဆန္ဒ

အကြောင်းအမျိုးမျိုးကြောင့် အတိုက်အခံပါတီများအောင်မြင်မှု ရရှိရန်အတွက် မစွမ်းဆောင်နိုင်စဉ်တွင် NLD ပါတီအနေဖြင့် သေချာပေါက် အနိုင်ရရှိခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။ နိုင်ငံ၏ ဗမာလူမျိုးများမရှိသည့် ဒေသများတွင် အထူးသဖြင့် ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ NLD ပါတီမဲဆွယ်စည်းရုံးရေး ပိုမိုအားကောင်းလာခဲ့သည့် မြို့များတွင်လည်း ထိုနည်းတူပင်ဖြစ်ခဲ့သည်။ ထို့ကြောင့် NLD ပါတီမှာ ဗမာတိုင်းရင်းသားလူမျိုး သီးသန့်ဖြစ်သည့် ပါတီတစ်ရပ်အဖြစ် ဖော်ပြသတ်မှတ်ခြင်း မပြုသင့်ပေ။ ယေဘူယျအားဖြင့် NLD ပါတီအနိုင်ရရှိခြင်းမှာ အကြောင်းရင်းနှစ်မျိုးကြောင့် ဖြစ်နိုင်သည်။ပထမအကြောင်းမှာဒေါ်အောင်ဆန်းစုကြည်၏ ထင်ပေါ်ကျော်ကြားမှု ဆက်လက်တည်ရှိနေခြင်း နှင့် ဒုတိယမှာ NLD ပါတီအနိုင်ရရှိခြင်းသည် နိုင်ငံရေးကြိုးဝိုင်းတွင် စစ်တပ်၏ လွှမ်းမိုးခြယ်လှယ်မှုအား အဆုံးသတ်နိုင်ဖွယ်ရှိသည်ဆိုသည့် ယုံကြည်မှုတစ်ခုကြောင့် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပါတီများအနေဖြင့် ကယား၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်နယ်အဆင့် အနိုင်ရရှိခဲ့သော်လည်း NLD ပါတီဝင် အများစုမှာ အမျိုးသားအဆင့်လွှတ်တော်တွင် အားကောင်းလာခဲ့သည်။ တစ်ပြိုင်နက်တည်းတွင် USDP ပါတီ၏ နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုမှုမှာ ဆက်လက်မှေးမှိန်လာခဲ့သည်။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် USDP ပါတီမှာဥပဒေပြုလွှတ်တော် အဆင့်တိုင်းတွင် လွှတ်လပ်ပြီး တရားမျှတမှု မရှိဘဲ အနိုင်ရရှိခဲ့သည်။[၆၉] ဆယ်စုနှစ်ကြာပြီးနောက် အမျိုးသားနိုင်ငံရေးတွင် အာဏာတက်လာသည့် ပါတီမှာ NLD ဖြစ်လာခဲ့သည်။ NLD ပါတီမှ ထိုအာဏာကို မည်သို့အသုံးပြုမည်ဆိုသည်နှင့် တပ်မတော်မှမည်သို့ တုံ့ပြန်မည်ဆိုသည်မှာ အနာဂတ်နိုင်ငံရေးဆိုင်ရာလမ်းကြောင်းလားရာများအား ဆုံးဖြတ်ရာတွင်အဓိကတွန်းအားပေးအချက် ဖြစ်လာနိုင်ဖွယ်ရှိသည်။

## တိုင်းရင်းသားနိုင်ငံရေး မည်သို့ရှေ့ဆက်မည်နည်း။

တိုင်းရင်းသားပြည်နယ်များတွင် အမတ်နေရာများအနည်းငယ်မျှသာ အပြောင်းအလဲဖြစ်ခဲ့သည်ကို စဉ်းစားကြည့်လျှင် ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရွှေ့ပြောင်းနေထိုင်ခြင်းများနှင့် မညီမျှသည့် ကိုယ်စားလှယ် အချိုးကျ ခွဲဝေထားရှိခြင်းစသည့်အကြောင်းအချက်များထဲမှ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်များအပေါ် မည်သည့်အတိုင်းအတာအထိသက်ရောက်မှုရှိခဲ့ကြောင်းမှာယခုအချိန်တွင် ရှင်းလင်းမှု မရှိသေးပေ။ ရှုထောင့်ပေါင်းစုံမှကြည့်လျှင် လွန်ခဲ့သောဆယ်စုနှစ်အတွင်း အမျိုးသားနိုင်ငံရေးအခင်းအကျင်းရှိ ပိုမိုအခြေခံကျသော အကြောင်းအရာများမှာ အပြောင်းအလဲကြီးကြီးမားမား မရှိသေးပေ။ နိုင်ငံရေးအရွေ့ပုံစံသုံးခုမှာ ပိုမိုပေါ်လွင်လျက် ရှိပြီး ၎င်းတို့မှာ NLD အားမဲပေးခြင်းကို စစ်တပ်ဆန့်ကျင်ရေး သဘောထားအမြင်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဗမာလူမျိုး အများစုအခြေခံသော အမျိုးသားပါတီကြီးများအား အလေးသာစေသည့် “အနိုင်ရသူ အကုန်ယူ” ရွေးကောက်ပွဲစနစ်နှင့် အစိုးရအတွင်းအနိုင်ရပါတီမှလွှတ်တော်အမတ်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားလွှတ်တော်တွင် ၎င်းတို့အကျိုးစီးပွားများအတွက် ပိုမိုကိုယ်စားပြုနိုင်ပြီး ဆုံးဖြတ်ချက်ချနိုင်သည့် ထိပ်ပိုင်းနေရာများကို ရရှိနိုင်သည်ဆိုသည့်ထင်မြင်ယူဆချက်တစ်ခု (မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ) တို့ဖြစ်သည်။ ဤအကြောင်းအရာများ၏

ချိတ်ဆက်သက်ရောက် အရေးပါမှုအား ကောင်းမွန်စွာ နားလည်နိုင်ခဲ့ခြင်း မရှိပေ။ ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကာလမှာ အစကနဦးအဆင့်တွင်ပင် ရှိနေသေးသည်။ သို့သော် နောင်လာမည့်နှစ်များတွင် ပါတီအားလုံးမှာ ဤအကြောင်းအရင်းနှင့် ပတ်သက်ပြီး အကြိတ်အနယ် ငြင်းခုံဆွေးနွေးမှုနှင့် သုသေသနပြု လေ့လာမှုများရှိလာ မည်မှာ ကေန်မုချပင်ဖြစ်သည်။

တိုင်းရင်းသား နိုင်ငံရေးပါတီများအတွက် ဤ သည်မှာ ၎င်းတို့၏ လွှတ်တော်အတွင်းနှင့်အပြင် စွမ်း ဆောင်ရည်များနှင့် မည်သို့ ပိုမိုကောင်းမွန်လာအောင် လုပ်နိုင်မည်ကို လေးလေးနက်နက် ပြန်လည်ထင်ဟပ် သုံးသပ်ရမည့် ကာလတစ်ခု ဖြစ်လိမ့်မည်။ မည်သည့် နိုင်ငံရေးခေတ်ပင်ဖြစ်စေကာမူ ၎င်းတို့သည် ဘေးကြပ် နံကြပ် အခြေအနေများနှင့် ကြုံတွေ့ရသည်။ သိသာရှင်း လင်းသော စွန့်စားရမှုတစ်ခုမှာ တိုင်းရင်းသားပါတီ များနှင့် ၎င်းတို့ ကိုယ်စားပြုလိုသည့် ရပ်ရွာအသိုင်း အဝိုင်းများအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက် မှနိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာစနစ် အတွင်းဝင် ရောက်ပါဝင်ရာတွင် ခက်ခဲမှုများရှိပြီး ဖွဲ့စည်းတည် ဆောက်ပုံဆိုင်ရာ အတားအဆီးများရှိနေသည်။ ထိုကဲ့သို့ သော အခြေအနေ၌ ဒီမိုကရက်တစ်အရွေ့ကာလတွင် အမျိုးသားနိုင်ငံရေးပါတီကြီးတစ်ခု သို့မဟုတ် အခြေခံ အားဖြင့် ဗမာလူမျိုးအများစု အကျိုးစီးပွားအတွက် စီမံ ဆောင်ရွက်သော အခြားပါတီတစ်ရပ်ရပ်မှ လွှမ်းမိုးချုပ် ကိုင်ရန်မှာ အလိုအလျောက်ဆက်လက်ဖြစ်ပေါ်နေလိမ့် မည်ဖြစ်သည်။ ဤသည်မှာ လွတ်လပ်ရေးရရှိချိန် မှ ၁၉၆၂ ခုနှစ်တိုင်အောင် အောင်မြင်မှုမရှိခဲ့သော လွှတ်တော် ခေတ်တွင်ဖြစ်ပျက်ခဲ့သည့်အခင်းအကျင်းဖြစ်ပြီး စစ်တပ် အုပ်ချုပ်မှုအောက် ရာစုနှစ်တစ်ဝက် ဆက်လက်ကျရောက် ခဲ့ရသည်။ စစ်တပ်ထောက်ခံသူများနှင့် လူအနည်းငယ်မျှ သာလျှင် ထိုအခြေအနေသို့ပြန်သွားလိုကြသည်။ ပြီးခဲ့ သော ရွေးကောက်ပွဲ နှစ်ရပ်လုံးတွင် NLD ပါတီ မှ USDP ပါတီအပေါ် အနိုင်ရရှိမှုသည် ဒီမိုကရက်တစ် ပြောင်းလဲမှု အတွက် သိသာသော လုပ်ပိုင်ခွင့်တစ်ရပ် ဖြစ်ပေသည်။

ဒီမိုကရက်တစ် အခွင့်အရေးများကို ငြင်းပယ် ခြင်းသည် မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ် ၇ ခုကြာ ပဋိပက္ခကို ဖြစ်စေသည့် နောက်ခံအကြောင်းအရင်းဖြစ် ပြီးတစ်မျိုးသားလုံး ပါဝင်မှုအားဖော်ဆောင် နိုင်မည့် အထွေထွေ ရွေးကောက်ပွဲကို မကျင်းပနိုင်လျှင် ရှေ့ဆက် ယုံကြည်မှုတည်ဆောက်ရေးအတွက် ထိခိုက်စေနိုင်ဖွယ် ရှိသည်ကို အလေးအနက်သတိပြု ဆင်ခြင်ရမည်ဖြစ် သည်။ အကယ်၍ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု များကို ရရှိလျှင် ပြည်သူများ၏ လိုအင်ဆန္ဒ ရည်မှန်းချက် များနှင့် မကျေနပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် မဲပုံး များနှင့် ဥပဒေပြုလွှတ်တော်များအားဖြင့် ဒီမိုကရက်တစ် နည်းလမ်းတကျ ပြည်သူလူထုတစ်ရပ်လုံးအား ပါဝင် ခွင့်ပြုသည့် လမ်းကြောင်းများဖြင့် ရွေးကောက်ပွဲစနစ်မှ ပံ့ပိုးရမည်ဖြစ်သည်။ သို့သော် ယခုလက်ရှိအခြေအနေ တွင်ပေါ်ပေါက်လာမှုမရှိပေ။ လက်ရှိရွေးကောက်ပွဲ ယန္တရား မှာလွန်ခဲ့သောနိုင်ငံရေး ခေတ်အဆက်ဆက်တိုင်းတွင် တိုင်းရင်းသားပါတီများအတွက် မျှတသည့် ကိုယ်စားပြုမှု မရှိပဲ ယခင်ကဲ့သို့ ဘေးဖယ်ကျဉ်ခံရများကို တွန်းအားပေး ဖြစ်ပေါ်စေနေသည်ဆိုသည့် အမြစ်တွယ်ကြီးထွားလာ သောယုံကြည်မှုအား တားဆီးရန် အရေးတကြီးလုပ် ဆောင်မှု လိုအပ်ပေသည်။

ဤအကြောင်းပြချက်များကြောင့် NLD ပါတီ၏ တောင်ပြိုကမ်းပြိုအနိုင်ရရှိမှုတွင် NLD ပါတီမှ အောင်ပွဲ ခံသည့် အပြောအဆိုများကို ရှောင်ကြဉ်ကာ တိုင်းရင်း သားပါတီများနှင့် ရပ်ရွာလူထုများကို အပြုသဘော ဆောင်သည့် အမူအရာများကို ထုတ်ဖော်ပြခဲ့သည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် NLD ပါတီ၏ ဒုဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်မှ တိုင်းရင်းသားပါတီ ၄၈ ပါတီ ထံသို့ စာပို့ခဲ့ပြီး NLD အနေဖြင့် တိုင်းရင်းသားပါတီများ ဖြင့်မဟာမိတ်ဖွဲ့ ပူးပေါင်းလုပ်ဆောင်ရန် ရည်ရွယ်ကြောင်း နှင့် "NLD ပါတီမှ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒ များကို ရှေးရှုထား အာရုံစိုက်လုပ်ဆောင်သွားမည်" ဟု အခိုင်အမာ ဖော်ပြခဲ့သည်။[၇၀] အစိုးရပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးသည်လည်း "အမျိုးသားညီညွတ်ရေး အစိုးရ တစ်ရပ်" နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့ပြီး တိုင်းရင်းသား ပါတီများ၏ ကိုယ်စားလှယ် များကို ၎င်းတို့သက်ဆိုင်ရာ ပြည်နယ်အစိုးရတွင် အစိုးရ အဖွဲ့တွင်းရာထူးများခန့်အပ်မှုအတွက်စဉ်းစားသည့်NLD ပါတီ၏ ဆန္ဒကို ထင်ဟပ်လျက်ရှိပုံပေါ်သည်။ NLD ပြော ရေးဆိုခွင့်ရှိသူ ဦးမျိုးညွန့်၏ ပြောကြားချက်အရ "ဒါက တော့ကျွန်တော်တို့ရဲ့ အကြမ်းဖျင်းသဘောထား အနေနဲ့ ပဲရှိပါသေးတယ်။ စည်းလုံးညီညွတ်မှုကို ဦးစားပေးဖော် ဆောင်တဲ့ အစိုးရတစ်ရပ်ဖြစ်လာမှာပါ။ ကျွန်တော်တို့

အသေးစိတ် လုပ်ဆောင်မှုတွေတော့ ဘာမှမဆောင်ရွက်ရသေးဘူး၊ ဒါကြောင့် ကျွန်တော် ဒီထက်ပိုပြီးပြောလို့ မရပါဘူး။”[၇၁]

တစ်ချိန်တည်းမှပင် တပ်မတော်ခေါင်းဆောင်များမှလည်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ပိုမိုပြုလွယ်ပြောင်းလွယ်မှုရှိသော နည်းလမ်းများကို စဉ်းစားလာသည့်အရိပ်လက္ခဏာများ ရှိခဲ့သည်။ ဤဖြစ်စဉ်မှာ အချိန်ကြာမြင့်လှပြီဖြစ်သည်။ လွန်ခဲ့သောသုံးနှစ်အတွင်းတွင် NCA မှာ လွန်စွာ တုံ့ဆိုင်းနှောင့်နှေးခဲ့ပြီး တိုင်းရင်းသားပြည်နယ် အများအပြားတွင် ပဋိပက္ခနှင့် စစ်ဘေးရှောင် နေရပ်စွန့်ခွာမှုများ ပိုမိုများပြားလာသည်။ ထို့ပြင် ကွဲပြားသည့် ပဋိပက္ခတွင်း ပါဝင်ပတ်သက်သူများကို အတူတကွ ဆွေးနွေးညှိနှိုင်းရန် ခေါ်ဆောင်နိုင်မည့်လမ်းကြောင်းမရှိခဲ့ပေ။ သို့သော် ရွေးကောက်ပွဲပြီးနောက်ချက်ချင်းဆိုသလို တပ်မတော်မှ “ငြိမ်းချမ်းရေးစကားဝိုင်းကော်မတီ” အသစ်တစ်ရပ်အား ကြေညာခဲ့ပြီး ဖျက်သိမ်းခံလိုက်ရသော မဲဆန္ဒနယ်မြေများတွင် ကြားဖြတ် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ULA–AA တောင်းဆိုချက်နှင့်ပတ်သက်၍အပြုသဘောဆောင်သည့် တုံ့ပြန်မှုကို တွေ့ခဲ့ရသည်။[၇၂] တိုက်ပွဲအခြေအနေ တင်းမာမှုများမှာလျင်မြန်စွာ လျော့ကျလာခဲ့သည်။ သိသာသော လေသံပြောင်းလဲမှုအနေဖြင့် တပ်မတော်ကြေညာချက်များမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများအကြား NCA လက်မှတ်ထိုးထားပြီးသော အဖွဲ့အစည်းများနှင့် မထိုးထားသည့် အဖွဲ့အစည်းများ နှစ်ဖွဲ့လုံးအား ရည်ရွယ်ပစ်မှတ်ထားခဲ့ပုံပေါ်ပြီး ၂၀၁၅ ခုနှစ် ကနဦးသဘောတူညီချက်များစခဲ့သည့်အချိန်ကတည်းက ပဋိပက္ခတွင် ပါဝင်ပတ်သက်သော အဖွဲ့အစည်းများအကြား သဘောထားကွဲလွဲမှုမှာ အဓိက အတားအဆီးတရပ်ဖြစ်ခဲ့သည်။

ဤသို့သော ချဉ်းကပ်မှုများနှင့် ပတ်သက်၍ တိုင်းရင်းသား နိုင်ငံရေးပါတီများမှာ သတိကြီးစွာထားရှိပြီး အချို့မှာ တပ်မတော်နှင့် NLD တို့နှင့် ဆက်စပ်ပတ်သက်ခဲ့သည့် ၎င်းတို့၏ ပြီးခဲ့သောအတွေ့အကြုံများကို ဖော်ပြခဲ့ကာ အယုံအကြည်ကင်းမဲ့စွာဖြင့် တုံ့ပြန်ခဲ့သည်။ ကိုဗစ်–၁၉ ကပ်ရောဂါ အခြေအနေနှင့် အထွေထွေရွေးကောက်ပွဲဖြစ်ခဲ့သော ကျပ်တည်းခက်ခဲခဲ့သည့်နှစ်အတွင်း တပ်မတော်၏ စစ်ရေးထိုးစစ်ဆင်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ခြင်းနှင့် NLD ပါတီ၏ တိုင်းရင်းသားပါတီများအား ဆန့်ကျင်ပြောဆိုသည့် မဲဆွဲစည်းရုံးရေးကြောင့် စိုးရိမ်မှုများ ပိုမိုနက်ရှိုင်း ကြီးထွားလာခဲ့သည်။ ထို့ကြောင့် အချို့သေတိုင်းရင်းသား လူမျိုးခေါင်းဆောင်များမှ ရွေးကောက်ပွဲမတိုင်မီ NLD မှ ပူးပေါင်းဆောင်ရွက်သည့်သဘောထားများအား ထုတ်ဖော်ပြသခဲ့လျှင် ပိုမိုယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း မှတ်ချက်ပေးကာ တိုင်းရင်းသားပါတီများ မဲရှုံးပြီးသည့်နောက်မှ အဘယ်ကြောင့် NLD ပါတီအနေဖြင့် ကမ်းလှမ်းမှုများပြုလုပ်သည်ကို မေးခွန်းထုတ်ခဲ့ကြသည်။[၇၃] ယခင်က NLD ပါတီအနေဖြင့် တိုင်းရင်းသားပါတီများ နှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်မည့်ခံယူချက် သဘောထား ကို ထည့်သွင်းစဉ်းစားဟန်မရှိခဲ့ပေ။

ထိုအချက်များကြောင့် တိုင်းရင်းသားပါတီများနှင့်အတူတကွလုပ်ဆောင်မည်ဆိုသည့် NLD ၏ စိတ်ဆန္ဒသဘောထားနှင့် ပတ်သက်၍ အခြေခံကျသောခိုင်မာသည့် လုပ်ဆောင်မှု အထောက်အထားအား တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များမှ တွေ့မြင်ချင်ကြသည်။ ပထမခြေလှမ်းတစ်ရပ်အနေဖြင့် SNLD ပါတီကိုယ်စားလှယ်စိုင်းလိတ်မှ တိုင်းရင်းသားပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များကိုပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန်နှင့် ဗဟိုမှအာဏာကို ပြည်နယ်အစိုးရများထံ ခွဲဝေပေးရန်အတွက် အဆိုပြုခဲ့သည်။[၇၄] ANP ပါတီဒုဥက္ကဋ္ဌ ဒေါ်အေးနုစိန် မှ “ဒီမိုကရက်တစ် စံနှုန်းများကိုထည့်သွင်းစဉ်းစားကာ အမျှော်အမြင်ကြီးစွာဖြင့်” စီမံအုပ်ချုပ်ရေးပိုင်းများအား ခန့်အပ်ဆောင်ရွက်ရန် နောင်တက်လာမည့် သမ္မတသစ်အား တောင်းဆိုခဲ့သည်။[၇၅] ထို့ပြင် KSPP ဥက္ကဋ္ဌ ဒေါက်တာမနမ်တူးဂျာမှ “NLD ပါတီအနေနဲ့ အပြောချည်းသက်သက်မဟုတ်ပဲ အလုပ်နဲ့လည်းသက်သေပြလုပ်ဆောင်ရန်” ဆိုသည့် ၎င်း၏ မျှော်လင့်ချက်အား ထုတ်ဖော်ပြောဆိုခဲ့သည်။[၇၆]

NLD ပါတီဦးဆောင်သည့် အစိုးရ၏ ပထမငါးနှစ်ကာလအတွင်းတွင် ပဋိပက္ခများနှင့် စစ်ဘေးရှောင်နေရပ်စွန့်ခွာမှုများ ပိုမိုအခြေအနေကောင်းလာရမည့်အစားပိုမိုဆိုးရွားလာပြီး ခါးသီးမှုများ မြင့်တက်လာသည့် စစ်မြေပြင်နေရာများတွင် အလားတူသတိပေးသည့် အမြင်များကိုဖော်ပြခဲ့သည်။ ဘေးဖယ်ကျဉ်ထားခြင်း နှင့်ပတ်သက်သည့်ဝေဖန်ထောက်ပြ ပြောဆိုမှုများကို ကျယ်ပြန့်စွာဖော်ပြလာခဲ့ကြပြီး NLD နှင့် တပ်မတော်နှစ်ဖက်လုံးမှ

ငြိမ်းချမ်းရေးဆိုင်ရာ ကမ်းလှမ်း ပြောဆိုမှုများကို ရွေးကောက်ပွဲပြီးမှသာလျှင် ပြောဆိုလာကြသောကြောင့် စိုးရိမ်ပူပန်မှုရှိနေကြသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲရာတွင်ငြိမ်းချမ်းရေးနှင့်ပြုပြင်ပြောင်းလဲရေးအား ထိရောက်စွာဆောင်ရွက်နိုင်ပါက တိုင်းရင်းသား ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဥပဒေပြုလွှတ်တော်များသကဲ့သို့ အရေးကြီးကြောင်း တိုင်းရင်းသား လူမျိုးခေါင်းဆောင်များအကြားတွင်ယုံကြည်မှု ကြီးမားစွာရှိသည်။ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လွှတ်တော်တို့မှာ မတူညီသည့် လမ်းကြောင်းနှစ်ရပ်အဖြစ်တည်ရှိနေပြီး တိုင်းရင်းသားလူမျိုးပါတီများဖြစ်သော – ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအဖွဲ့နှင့် လက်နက်ကိုင် အဖွဲ့အစည်းများမှာလည်း ၎င်းတို့အနေဖြင့် ပေါင်းစည်းရန် မဖြစ်နိုင်သော နိုင်ငံရေးအခင်းအကျင်းတစ်ခုတွင် ရောက်ရှိနေကြောင်း ခံစားရလျက်ရှိသည်။

ယခုအချိန်တွင် အကြီးမားဆုံးသော စိုးရိမ်ပူပန်မှုမှာ NLD ပါတီအနေဖြင့် နောက်တစ်ကြိမ် အစိုးရအဖွဲ့အဖြစ်သေချာပြီး တပ်မတော်နှင့် NLD တို့မှ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နောင်လာမည့် ငါးနှစ်တွင် တစ်ဖန်အလေးမထားမည်ကို စိုးရိမ်လျက်ရှိသည်။တစ်ပြိုင်နက်တည်းတွင်ရွေးကောက်ပွဲရှုံးနိမ့်ခဲ့ရသည့်အတွက် တိုင်းရင်းသားပါတီများအနေဖြင့်၎င်းတို့ အသံများကို ထိရောက်စွာ ကြားသိစေရန်များစွာလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်ကို သတိပြုမိကြသည်။ တက်ကြွလှုပ်ရှားသော လူငယ်များအကြား ရွေးကောက်ပွဲဖြစ်စေ၊ လက်နက်ကိုင်လှုပ်ရှားမှုဖြစ်စေ နှစ်ရပ်လုံးတွင် အသစ်သော ခိုင်မာသည့်ဆုံးဖြတ်ချက်တစ်ရပ်မှာ ပေါ်လွင်နေပြီး တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို မေ့လျော့ခြင်းမရှိပဲ သေချာစွာအရှိန်မြှင့် ကြိုးပမ်းလုပ်ဆောင်ရန် ပြင်ဆင်ကြလျက်ရှိသည်။ အစိုးရသစ် လက်ထက်တွင် တိုင်းရင်းသားလူမျိုး နိုင်ငံရေးအခွင့်အလမ်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင်ရန် အခွင့်အလမ်းများ တည်ရှိလျက်ရှိသည်။ ထိုအရာများအတွက် ယခုပင် လုပ်ဆောင်ရမည်ဖြစ်သည်။

## နိဂုံးချုပ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် NLD ပါတီအား နိုင်ငံတွင်း အင်အားကြီးပါတီတစ်ရပ်အဖြစ်ခိုင်မာစေခဲ့သည်။ ဤသို့အပြတ်အသတ် အနိုင်ရရှိမှုရလဒ်မှာ NLD ပါတီ၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသူ များပြားခြင်းကြောင့်ဖြစ်ပြီး နိုင်ငံ၏ "အနိုင်ရသူ အကုန်ယူ" ရွေးကောက်ပွဲစနစ်မှလည်း ပံ့ပိုးပေးခဲ့ခြင်းကြောင့် ဖြစ်သည်။ USDP ပါတီနှင့် အခြားနိုင်ငံရေး အတိုက်အခံပါတီများသာမက အချို့သော တိုင်းရင်းသား လူမျိုးပါတီများအပါအဝင် အခြားသော နိုင်ငံရေးအင်အားစုများမှာအဓိကအားဖြင့်ဘေးဖယ်ကျဉ်ခံထားခဲ့ရသည်။ ခိုင်မာသည့် ကိုယ်စားပြုမှုရှိကာ အခြားတစ်ခုတည်းသော အမျိုးသားအင်အားစုမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အားလုံးတွင် ၂၅ ရာခိုင်နှုန်း ကိုယ်စားလှယ်နေရာ ကြိုတင်ရရှိထားရုံမက ဝန်ကြီးဌာနသုံးခု (ပြည်ထဲရေး၊ ကာကွယ်ရေး နှင့် နယ်စပ်ရေးရာ) အား ထိန်းချုပ်ထားသည့် တပ်မတော်ဖြစ်သည်။ ဤနိုင်ငံရေးစနစ် သို့မဟုတ် လက်ရှိနိုင်ငံရေးရှိရင်းစွဲအခြေအနေတစ်ရပ်သည် တိုင်းရင်းသားပါတီများ အနေဖြင့်ဖြစ်လာနိုင်သော ပြောင်းလဲမှုအတွက် ထားရှိသည့်ယုံကြည်မှုကို အားပျော့ချိနဲ့စေသည်။

လွှတ်တော်သက်တမ်းများတွင် အချို့သောတိုင်းရင်းသားလူမျိုးလှုပ်ရှားမှုများတွင် တိုင်းရင်းသား ပါတီများအနေဖြင့် မဲပိုမိုရရှိခဲ့သော်လည်း အများစုမှာ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲလောက် အောင်မြင်မှု မရရှိခဲ့ချေ။ ဤသည်မှာ အဓိက စိတ်ပျက်စရာတစ်ခုဖြစ်ခဲ့ပြီး ဆိုလိုသည်မှာတိုင်းရင်းသားပြည်နယ် လွှတ်တော် ၇ နေရာတွင် ၄ နေရာကို NLD ပါတီမှ ကိုယ်စားလှယ်နေရာ အများစုအား အပြတ်အသတ် ရရှိထားခြင်းလည်းဖြစ်သည်။ ပြည်နယ်လွှတ်တော်များမှာ တိုင်းရင်းသားလူမျိုးပါတီများအတွက် အခက်အခဲများကို ထိုးဖောက်ကျော်လွှားရန် အရေးပါသည့် နိုင်ငံရေးဇရိယာတစ်ခုအဖြစ် မျှော်လင့်ချက်များ ရှိခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တင်မြှောက်ခံရမည့် NLD ပါတီမှ ရွေးချယ်သော သမ္မတသည် ထိုနေရာဒေသများအတွက် ဝန်ကြီးချုပ်များအားလုံးကိုခန့်အပ်ရန် အာဏာရှိသည်ကိုလည်း အာမခံချက်ပေးထားသည်။ ၂၀၁၆ ခုနှစ်တွင် လက်ရှိအစိုးရမှာ ထိုအခွင့်အရေးအားအသုံးချ၍ ပါတီအနေဖြင့် မဲအနိုင်မရရှိခဲ့သည့် ပြည်

နယ်များအပါအဝင် တိုင်းရင်းသား ပြည်နယ်များတွင် ဝန်ကြီးချုပ်ရာထူးများအားလုံးကို NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များကို ခန့်အပ်ခဲ့သည်။ လွန်ခဲ့သော ၅ နှစ်အတွက် ထိုအချက်သည် တိုင်းရင်းသား ပါတီများ၏ အဓိက မကျေနပ်ရသော အကြောင်းအရင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိခဲ့သည်။

အပြီးသတ်ရလဒ်အနေဖြင့် တိုင်းရင်းသားလူမျိုး ခေါင်းဆောင်အများအပြားနှင့် ရပ်ရွာလူထုများတို့သည် ပြည်ထောင်စုအစိုးရနှင့် အစိုးရ၏ဒေသတွင်း စီမံအုပ်ချုပ်ရေးတို့မှာ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား ကိုယ်စား ပြုလုပ်ဆောင်ပေးခြင်း သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွား အတွက် ရှေးရှုလုပ်ဆောင်ပေးနေသည်ဟု မခံစားရပေ။ မျှတသော ကိုယ်စားပြုမှုမရှိပဲ ဤသို့ဘေးဖယ်ကျဉ်ခံ ထားရခြင်းမှာ အန္တရာယ်များလှပေသည်။ ထိုကဲ့သို့အခြေ အနေမှာ နိုင်ငံတွင်း နှစ် ၇၀ ကျော်ကြာ ပဋိပက္ခများကို ဖြစ်စေခဲ့ပြီး အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသား အားလုံး ပူပေါင်းပါဝင်ခြင်းကို မဖော်ဆောင်နိုင်ခဲ့သည့် အတွက် ရှေ့ဆက်ယုံကြည်မှု တည်ဆောက်ရေးထိခိုက် ကာအန္တရာယ် ရှိပေသည်။

